ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 27 October 2021 ၁၀၅၃၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံမှ အာဆီယံထိပ်သီးအစည်းအဝေးများသို့ မတက်ရောက်ခြင်းမှာ အာဆီယံအား မကျေနပ်မှုကို ပြသလိုခြင်း၊ သပိတ်မှောက်နေခြင်း မဟုတ်

## အာဆီယံပဋိညာဉ်စာတမ်းပါ မူများ၊ အစဉ်အလာများနှင့်အညီ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ ရရှိသင့်သည့်အခွင့်အရေးကို တောင်းဆိုခြင်းသာဖြစ်

### သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၂၆)ရက်နေ့မှ (၂၈)ရက်နေ့အထိ ကျင်းပခဲ့သည့် (၃၈)ကြိမ်မြောက်နှင့် (၃၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ကိုယ်စားလှယ် (နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်) တက်ရောက်ပါရန် ၁၉-၁၀-၂၀၂၁ ရက်နေ့၌ အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘရူနိုင်းနိုင်ငံ၏ ဖိတ်ကြားစာကို မြန်မာဘက်က လက်ခံရရှိခဲ့ပါသည်။

အစည်းအဝေးတက်မည့် မြန်မာကိုယ်စားလှယ်၏ အဆင့်ကိုနှိမ့်၍ ဖိတ်ကြားခြင်းနှင့် မိန့်ခွန်းပြောခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အကန့်အသတ်ထားခြင်းတို့သည် အာဆီယံပဋိညာဉ်စာတမ်းပါ မူ၊ လုပ်ထုံးလုပ်နည်းနှင့် အာဆီယံ၏ ထုံးတမ်းအစဉ်အလာတို့နှင့် ကွဲလွဲနေပြီး အထူးသဖြင့် အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်-၂ ပါ "အာဆီယံအဖွဲ့ဝင် နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေး လက္ခဏာများကို လေးစားလိုက်နာရန်" နှင့် အပိုဒ်-၅ တွင်ပါရှိသည့် "အဖွဲ့ဝင်နိုင်ငံများသည် တူညီသည့်အခွင့်အရေးနှင့် တာဝန်များရှိရမည်" ဆိုသည့် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိပါ။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ပမ္မဝတီတံတား(မြင်းကဆိပ်) အဆင့်မြှင့်တင်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အား တွေ့ရစဉ်။

# ပမ္မဝတီတံတား(မြင်းကဆိပ်) အဆင့်မြှင့်တင်တည်ဆောက်မှု ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီး

**မြောင်းမြ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှုများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပမ္မဝတီတံတား (မြင်းကဆိပ်)အဆင့်မြှင့်တင် တည်ဆောက်ပြီးစီးမှု ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပမ္မဝတီမြစ်ကို ဖြတ်သန်း၍ မြောင်းမြမြို့နယ် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်းပေါ်၌ အဆင့်မြှင့်တင် တည်ဆောက်နေသော ပမ္မဝတီတံတား (မြင်းကဆိပ်)အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် စီမံကိန်းတန်ဖိုး ငွေကျပ်သန်းပေါင်း ၆၆၀၀ အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ

**ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သန်း ၄၅၀၀ ကျော် ထုတ်ချေးပေး**
စာမျက်နှာ » ၅

**ရေငှက်မျိုးစုံ ပျော်မြူးပါတဲ့ ဝက်သည်းကန်ဘေးမဲ့တောဝယ်**
စာမျက်နှာ » ၆

**မိုးရွာသွန်းမှုကြောင့် ပျက်စီးသွားသော ပုဂံယဉ်ကျေးမှုနယ်မြေမှ**



**စေတီပုထိုး ၂၀ ခန့်ကို ရှေးမူမပျက် ပြန်လည်ပြုပြင်နေ**
စာမျက်နှာ » ၁၀

### လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

ကြေးမုံ

# လူမှုဘဝမြင့်မားတိုးတက်ရေး ပညာရေးဦးစားပေး

“မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများရှိသည်ကို တွေ့ရှိရကြောင်း၊ ပညာရေးကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ **“အတန်းပညာရှိမှ အသိပညာရမည်၊ အသိပညာရှိမှ အတတ်ပညာရမည်”** ဖြစ်ကြောင်း၊ လူငယ်များအား ကိုယ့်ခြေလှမ်းပေါ်တွင် ရပ်တည်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာသင်ကြားရေးအား မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်က ထုတ်ပြန်ခဲ့သည့် သန်းခေါင်စာရင်းအစီရင်ခံစာများအရ အသက်ငါးနှစ်အထက်လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး ကျောင်းလုံးဝမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အလားတူ အသက် ၂၅ နှစ်နှင့်အထက် လူဦးရေ ၂၅ ဒသမ ၁၆၉ သန်းရှိပြီး အလယ်တန်းအဆင့်အထိ ပညာသင်ကြားခဲ့သူ လူဦးရေ ၁၈ သန်းကျော်ရှိသဖြင့် လူဦးရေ ခုနစ်သန်းကျော်ခန့်သာ အထက်တန်းပညာ သင်ကြားခဲ့သူများရှိသဖြင့် မြန်မာနိုင်ငံတွင် နေထိုင်ကြသော လူငယ်လူရွယ်များအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးဘက်တွင် အားနည်းမှုများရှိနေသည်ကို နိုင်ငံတော်ဝန်ကြီးချုပ်က အသိပေးထောက်ပြခဲ့သည်။

လူဦးရေသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတစ်ဝန်းလုံးကို လွှမ်းခြုံကြည့်မည်ဆိုလျှင် နိုင်ငံတစ်ဝန်း၌ ကျောင်းမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရသည်။ ထိုသို့ကျောင်းမနေဖူးသူများတွင် ကယားပြည်နယ်၌ ၉ ဒသမ ၇ ရာခိုင်နှုန်း၊ ကရင်ပြည်နယ်၌ ၁၉ ဒသမ ၅ ရာခိုင်နှုန်း၊ ချင်းပြည်နယ်၌ ၁၀ ဒသမ ၅ ရာခိုင်နှုန်း၊ မွန်ပြည်နယ်၌ ၉ ဒသမ ၄ ရာခိုင်နှုန်းနှင့် ရှမ်းပြည်နယ်၌ ၂၃ ရာခိုင်နှုန်းရှိသဖြင့် အဆိုပါ ပြည်နယ်ငါးခုတို့သည် ပြည်ထောင်စု၏ပျမ်းမျှနှုန်းထက် ပိုမိုများပြားနေသည်ကိုတွေ့ရသည်။ အားလုံးလွှမ်းခြုံသည့်စာရင်းအရ မြို့ပြများ၌ လူဦးရေ ၁၀၀ လျှင် ငါးဦးနှုန်း၊ ကျေးလက်ဒေသများတွင် လူဦးရေ ၁၀၀ တွင် ကိုးဦးနှုန်း ကျောင်းမနေနိုင်သည်ကို တွေ့ရှိရသည်။

လူဦးရေနှင့်အသက်အပိုင်းအခြားအရ အသက်ငါးနှစ်မှ အသက်ကိုးနှစ်အတွင်း ကလေးသူငယ် ၉၂ ရာခိုင်နှုန်း ကျောင်းနေသည်ကို တွေ့ရှိရသော်လည်း အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်အရွယ် မဖြစ်မနေကျောင်းနေရမည့် လူငယ်လူရွယ်များမှာ မူလတန်းလွန်မှ အလယ်တန်းအဆင့်အထိ လူဦးရေ ၇၂ ဒသမ ၉ ရာခိုင်နှုန်းသာ ရှိသည်။ အသက် ၁၆ နှစ်မှ အသက် ၂၉ နှစ်အရွယ် မိမိတို့ဘဝတိုးတက်မြင့်မားရေးကို ဆောင်ရွက်နိုင်မည့် အထက်တန်းအဆင့်နှင့် အဆင့်မြင့်ပညာသင်ကြားရမည့်ကာလတွင် ပညာသင်ကြားနိုင်သူ ၁၀ ဒသမ ၅ ရာခိုင်နှုန်းသာရှိတော့သည်။ အသက်အပိုင်းအခြားအလိုက် မူလတန်းပညာ သင်ကြားကြသည့်အရွယ်များ များပြားသော်လည်း အလယ်တန်းမှ အဆင့်မြင့်ပညာ သင်ကြားရမည့်အရွယ်များတွင် ပညာဆက်လက်ဆည်းပူးနိုင်သူ နည်းပါးသွားသည်ကို တွေ့ရသည်။

ထိုသို့ နည်းပါးသွားရခြင်းသည် ငွေကြေးမတတ်နိုင်သူများအပိုင်းတွင် ၂၁ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး မိဘလုပ်ငန်းခွင်တွင် ကူညီလုပ်ကိုင်နေကြသူ ၂၉ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ဝင်ရောက်ကူညီလုပ်ကိုင်နေသူ ၇ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး စုစုပေါင်း လုပ်ငန်းခွင်နယ်ပယ်အသီးသီးသို့ရောက်ရှိနေရသူ ၅၇ ဒသမ ၉ ရာခိုင်နှုန်းအထိ ရှိနေသည်ကို တွေ့ရသည်။ အဓိကမှာ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားနေဆဲဖြစ်သောကြောင့် ပညာသင်ကြားရမည့်အရွယ်ရောက်ပြီးသူလူငယ်လူရွယ်များမှာ အလုပ်အကိုင်ဝင်ငွေရရှိရေးအတွက် ပညာသင်ကြားရေးကို ပစ်ပယ်၍ လုပ်ငန်းခွင်နယ်ပယ်အသီးသီးသို့ ရောက်ရှိနေကြခြင်းဖြစ်သည်။ ပညာရေးသည် နိုင်ငံအတွက် အရေးကြီးသောကိစ္စဖြစ်ပြီး ပြည်သူများ၏လူမှုဘဝမြင့်မားတိုးတက်ရေးကို အဓိကအထောက်အကူပြုရာ ယင်းအချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖြည့်ဆည်းပေးရန် ကြိုးပမ်းဆောင်ရွက်နေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အနာဂတ် တိုးတက်ကောင်းမွန်ရေး၊ ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပညာရေးကို အဓိကဦးစားပေးဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် –

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဝင်းထိုက် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ( ခ ) | ဒေါက်တာမျိုးသန့် | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံစာစစ်ဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| ( ဂ ) | ဦးအောင်မြင့်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ဃ) | ဦးနေအောင်ရဲမြင့် | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ( င ) | ဦးဝဏ္ဏာဇော် | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် –

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဇော်နိုင်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာနှင့်ပြည်တွင်းရေးရာ<br>ဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ( ခ ) | ဦးမျိုးဇော်ဇော်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆ – ၁၀ –၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၇၂၈ | ၆,၂၈၄,၀၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၂,၂၄၅ | ၇,၁၉၃,၄၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၄ | ၃၁,၆၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၃၆၇ | ၉၅၄,၂၀၀ |
| EFR | ၂,၉၀၀ | ၂,၉၀၀ | ၁၁၇ | ၃၃၈,၄၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅၂၂ | ၂,၆၁၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၂၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၉၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၀၇၆.၉ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၈၀.၃၅ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၃.၉၄၈ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၃၁.၁၂ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၃၀ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၄၁.၃ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၇.၇ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၉.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၃.၃၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဦးဝင်းမင်းထွန်းနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နည်းပညာအရ နောက်ကျမှု ရှိနေသေး

**နိုင်ငံတကာနှင့်ယှဉ်ပါက မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာအရ နောက်ကျမှုရှိနေသေးကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာလုပ်ငန်းများမှ ဖောက်ထွက်၍ ခေတ်မီနည်းစနစ်များဖြင့် ကြိုးစားဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏အဓိကစီးပွားရေးကို ဆောင်ရွက်ပေးနေသည့် ကျေးလက်နေပြည်သူများ၏စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များ ထပ်မံတိုးမြှင့်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။**

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၆/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

☆ ရှေ့ဖုံးမှ

ထို့အပြင် ၁၅-၁၀-၂၀၂၁ ရက်နေ့က ပြုလုပ်ခဲ့သည့် အရေးပေါ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအပြီး ဆုံးဖြတ်ချက်သည် အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ အဖွဲ့ဝင်နိုင်ငံအားလုံး၏ တူညီဆန္ဒအရ ဆုံးဖြတ်ခဲ့ခြင်း မဟုတ်သည့်အတွက် ယင်းအစည်းအဝေး ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက လက်မခံနိုင်ကြောင်း၊ ယင်းကိစ္စကို မှတ်တမ်းတင်ထားရန် အဆိုပါအစည်းအဝေးတွင်ပင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၊ ဘရူနိုင်းနိုင်ငံသို့ အသိပေးခဲ့သည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ သဘောထားကို လျစ်လျူရှုလျက်၊ အာဆီယံထိပ်သီးအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး တက်ရောက်ရန် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံက ၂၅-၁၀-၂၀၂၁ ရက်နေ့တွင် ဖိတ်ကြားခဲ့သည်။

သို့ပါ၍ အဆိုပါအာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ မြန်မာနိုင်ငံက နိုင်ငံအကြီးအကဲ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲ သို့မဟုတ် နိုင်ငံအကြီးအကဲကို ကိုယ်စားပြုမည့် ပြည်ထောင်စုဝန်ကြီးအဆင့်ပုဂ္ဂိုလ်က ပါဝင်တက်ရောက်နိုင်ရေးကိုသာ လက်ခံမည်ဖြစ်ကြောင်း အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဘက်သို့ ၂၅-၁၀-၂၀၂၁ ရက်နေ့တွင် အကြောင်းပြန်ကြားခဲ့သည်။

မြန်မာနိုင်ငံမှ အာဆီယံထိပ်သီးအစည်းအဝေးများသို့ နိုင်ငံ့အကြီးအကဲအဆင့် သို့မဟုတ် ၎င်း၏ကိုယ်စား ပြည်ထောင်စုဝန်ကြီးအဆင့် တက်ရောက်ခွင့်မရရှိသောကြောင့် မတက်ရောက်နိုင်ခဲ့ခြင်းမှာ အာဆီယံအား မကျေနပ်မှုကို ပြသလိုသော သဘောဆန္ဒဖြင့် ပြုလုပ်ခဲ့ခြင်း မဟုတ်သည့်အပြင်၊ အာဆီယံကို သပိတ်မှောက်နေခြင်းလည်း မဟုတ်ကြောင်း၊ အာဆီယံပဋိညာဉ်စာတမ်းပါမူများ၊ အစဉ်အလာများနှင့်အညီ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ရရှိသင့်သည့်အခွင့်အရေးကို တောင်းဆိုခြင်းသာဖြစ်ပြီး မြန်မာနိုင်ငံ၏ ညှိနှိုင်းဆောင်ရွက်လိုသည့် သဘောထားကို ပြသခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့သို့ ဝင်ရောက်ပြီးသည့်အချိန်မှစ၍ အာဆီယံပဋိညာဉ်စာတမ်းပါမူနှင့် လုပ်ထုံးလုပ်နည်းများကို လေးစား၊ လိုက်နာခဲ့ပြီး အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် တူညီဆန္ဒ (၅)ချက် အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့် အပြုသဘော ဆက်လက်ပူးပေါင်းဆောင်ရွက်သွားပါမည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်**

# ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုရည်မှန်းချက်များနှင့်ချိတ်ဆက်ကာ ဒေသန္တရ (၅) နှစ်စီမံကိန်း၏ ရည်မှန်းချက်နှင့် ဆောင်ရွက်မည့်အစီအစဉ်များ ရေးဆွဲမည်



**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရေးဆွဲဆောင်ရွက်သွားမည်**

အစည်းအဝေးတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲနိုင်ရေးအတွက် အခြေခံမည့် ဒေသန္တရစီမံကိန်း (၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ) (၅) နှစ်စီမံကိန်းကို ချမှတ်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ယခင်ရေးဆွဲပြီးသည့် နှစ်ရှည်စီမံကိန်းများဖြစ်သော အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (National Comprehensive Development Plan–NCDP) နှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) တို့ကို ပြန်လည်သုံးသပ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို အခြေခံမှုများအဖြစ်ထားရှိပြီး ပြည်ထောင်စု၏ အမျိုးသားစီမံကိန်း(၅)နှစ် မူဘောင်ကို ဆွေးနွေးထားပြီးဖြစ်ကြောင်း။

အဆိုပါမူဘောင်နှင့် လိုက်လျောညီထွေဖြစ်စေမည့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဒေသန္တရစီမံကိန်းမူဘောင်ကို ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ဒေသန္တရစီမံကိန်းများ၌ မိမိတို့ဒေသတွင်း အလားအလာရှိသည့်လုပ်ငန်းများ၊ ဦးစားပေးဆောင်ရွက်ရန် လိုအပ်ချက်များ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကတိကဝတ်ပြုထားသည့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးမှုရည်မှန်းချက်များနှင့်ချိတ်ဆက်ကာ ဒေသန္တရ (၅) နှစ်စီမံကိန်း၏ ရည်မှန်းချက်နှင့် ဆောင်ရွက်မည့်အစီအစဉ်များ ရေးဆွဲသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို ကြိုတင်စိစစ်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် နိုင်ငံတော်၏ လိုငွေထိန်းနိုင်ရေးနှင့် ရေရှည်တည်တံ့သည့် ဘတ်ဂျက်သုံးစွဲမှုပုံစံ ဖြစ်စေရေးအတွက် သာမန်နှင့် ငွေလုံးငွေရင်းစာရင်းများ ရေးဆွဲရာတွင် လိုက်နာရမည့်ကိစ္စရပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ရငွေများ အပြည့်အဝ ကောက်ခံနိုင်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရေးဆွဲရေးနှင့်စပ်လျဉ်း၍ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ် ဒေသန္တရစီမံကိန်းမူဘောင် ရေးဆွဲထားရှိမှုအခြေအနေနှင့် ကဏ္ဍဆိုင်ရာလုပ်ငန်းများနှင့် ဒေသန္တရဆိုင်ရာလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လိုငွေထောက်ပံ့မှု အခြေအနေနှင့် ချေးငွေဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် တက်ရောက်လာကြသည့် ဝန်ကြီးချုပ်များနှင့် စီးပွားရေးရာဝန်ကြီးများက မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စီမံဆောင်ရွက်မည့်အခြေအနေများ၊ ပြည်ထောင်စုမှ ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်သည့်ကိစ္စရပ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ အချိန်မီဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးချက်များအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြန်လည်ဆွေးနွေးသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်ကာလတို (၅) နှစ် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများနှင့်ဆက်စပ်၍ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်း၊ အရအသုံးခန့်မှန်းခြေငွေစာရင်းတို့ကို ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံရေးအခြေအနေအရ နိုင်ငံ၏စီးပွားရေးအခြေအနေ တုံ့ဆိုင်းနေမှု၊ စီးပွားရေးတိုးတက်မှုနှုန်း ကျဆင်းနေမှုတို့ကို ပြန်လည်ကုစားနိုင်ရေး၊ ကိုဗစ်-၁၉ အလွန်ကာလ နိုင်ငံ၏စီးပွားရေးအခြေအနေ ပြန်လည်တည်ငြိမ်တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ပြီး ရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့ သာယာလှပရေးနှင့် ကန်တော်ကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် မြန်မာနိုင်ငံ သစ်တောသင်တန်းကျောင်း ကျွန်းရတနာခန်းမ၌ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကော်ဖီခြံများ ကွင်းဆင်းစစ်ဆေးရေးကော်မတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ တာဝန်ရှိသူများက ကော်ဖီလုပ်ကွက် ချထားပေးခြင်းများအပေါ် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ၊ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ကော်ဖီပင်များနှင့် အရိပ်ရပင်များ စိုက်ပျိုးပြီးစီးမှုနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ကြည့်ရှု**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်တော်ကြီးဥယျာဉ်အတွင်းသို့ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်နေသော ရေဝင်မြောင်းများ ပြုပြင်ဆောင်ရွက်နေမှု၊ ပိတ်ဆို့နေသော ရေမြောင်းများအား မီးသတ်ရေယာဉ်များ အသုံးပြု၍ ရေအားဖြင့် မြေသားနှင့် အမှိုက်များ ဖယ်ရှားရှင်းလင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ယင်းနောက် စန္ဒာလမ်းနှင့် ညှော့ဂေဟာလမ်းဆုံမှ အစိုးရညှော့ဂေဟာအထိ လမ်းချဲ့ခြင်းနှင့် အဆင့်မြှင့်နိုင်လွှန်ကတ္တရာခင်းရန် ဆောင်ရွက်နေမှု၊ လမ်းဟောင်းဘေးဝဲ/ယာ ချယ်ရီ၊ စိန်ပန်းနှင့် ငုစပ်ပင်များ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားရန် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုသည်။

**ဆွေးနွေး**

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ စွမ်းရည်တိုးတက်မြင့်မားရေးဆိုင်ရာ သင်တန်းများ၊ မွမ်းမံသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို တာဝန်ယူကျင်းပရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ သင်တန်းသားအဆောင်များနှင့် စားချက်ဆောင်တို့အား လိုက်လံကြည့်ရှုပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရွှေနှင့် အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်မှုများအတွက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့မှုစနစ် အားကောင်းလာစေရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၆**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ်(၃) အကောင်အထည်ဖော်မှုကြီးကြပ်ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ နယ်ပယ်(၃) အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်ရေးဗဟိုကော်မတီ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရွှေလုပ်ငန်းရှင်များနှင့် အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ရွှေနှင့် အိမ်ခြံမြေ အရောင်းအဝယ်ပြုလုပ်မှုများအတွက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့မှုစနစ် အားကောင်းလာစေရေး အစီအမံများ၊ ငွေသားဖြင့်ပေးချေရာတွင် အများဆုံးပေးချေနိုင်သည့် ငွေသားပမာဏသတ်မှတ်ရေးနှင့် ယင်းပမာဏထက်ကျော်လွန်ပါက ဘဏ်စနစ် အသုံးပြုပေးချေစေရေးတို့ကို အသေးစိတ်ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် သပြေကုန်းဈေး ဈေးသူ ဈေးသားများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် ယနေ့နံနက်ပိုင်းက နေပြည်တော် သပြေကုန်းဈေးရှိ ဈေးသူ ဈေးသားများကို ကျန်းမာရေးဝန်ကြီးဌာန နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

**မှာကြား**

ထိုသို့ ကြည့်ရှုရာတွင် ဒုတိယမြို့တော်ဝန်က အများပြည်သူ ရောင်းဝယ်ဖောက်ကား သွားလာကြသည့် ဈေးများမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုမရှိစေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးရသေးသည့် ဈေးသူ ဈေးသားများအနေဖြင့် ကာကွယ်ဆေး မပျက်မကွက် ထိုးနှံကြရန်နှင့် ဈေးများဌာန တာဝန်ရှိသူများ အနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးသည့် ဈေးသူ ဈေးသားများ၏ စာရင်းပြုစု၍ အမြန်ဆုံးထိုးနှံနိုင်ရေး သက်ဆိုင်ရာသို့ အချိန်မီတင်ပြဆောင်ရွက်ကြရန် မှာကြားသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ရှိ ဈေးပေါင်း ၃၄ ဈေးမှ ဈေးသူ ဈေးသား ၄၄၂၉ ဦးကို အောက်တိုဘာ ၂၂ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ခေတ်ခွဲစစ်ဆေး စမ်းသပ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးစင်တာများသို့ ပို့ဆောင်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများက နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ တင်သွင်းရာ၌ကုမ္ပဏီ လေးခုမှ ယာဉ်စီးရေ ခြောက်စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser တစ်စီး တန် ၂၀၊ အိမ်သုံးအောက်ဆီဂျင်စက် ငါးခု၊ လက်အိတ် ၁၉ တန်နှင့် နှာခေါင်းစည်း ၂၈ တန်တို့ကို တင်သွင်းခဲ့ပြီး Oxygen Bowser ယာဉ် တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOPများနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

# မရမ်းကုန်းမြို့နယ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် EM Bokashi မြေဩဇာထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၆**
ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် (၅) ရပ်ကွက် စွယ်တော်မြတ်စေတီလမ်းသို့သွားရောက်၍ လမ်းဘေးဝဲ/ယာ အုပ်မိုးကိုင်းများ ခုတ်ထွင် ရှင်းလင်းနေမှု၊ မြက်ပင်ချုံနွယ်များ ရှင်းလင်းဆောင်ရွက်နေမှု၊ လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်များ၊ မြောင်းချေးများ ဆယ်ယူရှင်းလင်းဆောင်ရွက်နေမှု ကိုလည်းကောင်း၊ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှိ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ဆောင်ရွက်နေသော EM Bokashi မြေဩဇာထုတ်လုပ်ခြင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



**အစားထိုးအသုံးပြု**

ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနသည် ပုံသွင်းခုတ်ဖြတ်ရာမှ ရရှိသည့်အကိုင်းအခက်များကို စုစည်းထားပြီး သစ်ရွက်များကို ခွဲခြားသန့်စင် Sorting လုပ်ခြင်း၊ အလျား ၄ ပေ၊ အနံ ၆ ပေ၊ အမြင့် ၃ ပေ၊ သုည ဒသမ ၇၂ ကျင်းဆံ့ ကန်အတွင်း သစ်ရွက်ဆွေး၊ ဖွဲပြာ၊ နွားချေးများကို အလွှာလိုက်ထည့်ခြင်း၊ တင်လဲရည် တစ်လီတာ၊ EM ရည် တစ်လီတာ၊ ရေလီတာ ၁၀၀ တို့ ရောစပ်ထည့်ခြင်းစသည်တို့ အဆင့်ဆင့် ပြုလုပ်ပြီး ၄၅ ရက်အကြာတွင် အသင့် အသုံးပြုနိုင်သည့် EM Bokashi မြေဩဇာထုတ်လုပ်နေခြင်းဖြစ်ကြောင်း၊ ယခု EM Bokashi မြေဩဇာကန် ၆၆ ကန် ပြုလုပ်ထားပြီး ကန် ၉၄ ကန် ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း၊ အဆိုပါ မြေဩဇာကို အင်းလျားကန်ပေါင်နှင့် လမ်းလယ်အဝိုင်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် ယခင်က ဓာတ်မြေဩဇာအသုံးပြုခဲ့ရာမှ EM Bokashi မြေဩဇာ အစားထိုးအသုံးပြုခြင်းဖြင့် စွန့်ပစ်သစ်ရွက်ဆွေးများ ပြန်လည်အသုံးချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရုရှား-မြန်မာ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**
ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း (RMFAC) နှင့် မြန်မာ-ရုရှားစီးပွားရေးဖွံ့ဖြိုးမှုအသင်း (MRBDA) တို့၏ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ ရေးထိုးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း (RMFAC) ၏ ဒုတိယဥက္ကဋ္ဌ အန်နာသိုလီ ဘူလော့ချ်နိကော့နှင့် ရုရှားနိုင်ငံမှ စီးပွားရေးဆိုင်ရာ တာဝန်ရှိ ကိုယ်စားလှယ်များ၊ မြန်မာ-ရုရှားစီးပွားရေးဖွံ့ဖြိုးမှုအသင်း (MRBDA) ဥက္ကဋ္ဌ ဦးသန်းဇော်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းနောက် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအသင်း (RMFAC) ၏ ဒုတိယဥက္ကဋ္ဌနှင့် မြန်မာ - ရုရှားစီးပွားရေးဖွံ့ဖြိုးမှုအသင်း (MRBDA) ၏ ဥက္ကဋ္ဌတို့က ရုရှား-မြန်မာ နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူနားလည်မှု စာချွန်လွှာကို အပြန်အလှန်လက်မှတ်ရေးထိုးကြပြီး နှစ်နိုင်ငံ အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကုန်သွယ်မှုများတိုးမြှင့်**

ရုရှား-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အတူတကွ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ လျှပ်စစ်နှင့်စွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာကဏ္ဍ၊ သတ္တုလုပ်ငန်းဆိုင်ရာကဏ္ဍ၊ ခရီးသွားလာရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများ စသည့်ကဏ္ဍများကို နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ အသင်းများအကြား ကုန်သွယ်မှုများ တိုးမြှင့်အကောင်အထည်ဖော်ရန်အတွက် အကြိုညှိနှိုင်း သဘောတူနားလည်မှု စာချွန်လွှာရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၌
## မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကျပ်သန်း ၄၅၀၀ ကျော် ထုတ်ချေးပေး

**နေပြည်တော် အောက်တိုဘာ ၂၆**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နေပြည်တော်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တပ်ကုန်းမြို့နယ်ဘဏ်ခွဲမှ တောင်သူဦးကြီးများအား ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ထုတ်ချေး ပေးလျက်ရှိကြောင်း သိရသည်။

တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ် ထုတ်လုပ်မှု အထောက်အကူ ဖြစ်စေရေးအတွက် ၂၀၂၁ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို မိုးစပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အတိုးနှုန်း တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။ ထိုသို့ထုတ်ချေးရာတွင် တပ်ကုန်းမြို့နယ် ထုံးဘိုအုပ်စုမှ တောင်သူ ၁၀၈ ဦးတို့ကို စပါးဧက ၄၆၀ နှင့် အခြားသီးနှံ ၂၆ ဧက စုစုပေါင်းစိုက်ဧက ၄၈၆ ဧကအတွက် ငွေကျပ် ၇၁ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့သည်။

တပ်ကုန်းမြို့နယ် ဘဏ်ခွဲအနေဖြင့် ၂၀၂၁ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ယခင်နှစ် ၂၀၂၀ ပြည့်နှစ် မိုးချေးငွေ ပြေကျေစွာ ပေးဆပ်ပြီးသူ တောင်သူဦးကြီးများအား ဦးစွာထုတ်ချေးပေးလျက်ရှိပြီး ကျေးရွာအုပ်စု ၄၄ အုပ်စု၊ တောင်သူ ၂၂၈၈ ဦး၊ စပါး ၆၉၀၁ ဧကနှင့် အခြားသီးနှံ ၂၂၅၇ ဧက စုစုပေါင်း စိုက်ဧက ၉၁၅၈ ဧကအတွက် ချေးငွေကျပ် ၁၂၆၀ ဒသမ ၈၅ သန်း ထုတ်ချေးထားပြီး အောက်တိုဘာ လကုန်အထိ ဆက်လက် ထုတ်ချေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တပ်ကုန်းမြို့နယ်ဘဏ်ခွဲမန်နေဂျာ ဒေါ်နန့်တင်စန်းထံမှ သိရသည်။

လက်ရှိတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်နှင့်မြို့နယ်ဘဏ်ခွဲ လေးဘဏ်မှ ၂၀၂၁ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၁၅၀၊ တောင်သူ ၇၉၁၃ ဦး၊ စပါးဧက ၂၇၈၃၀ နှင့် အခြားသီးနှံ ၃၃၇၈ ဧက စုစုပေါင်း စိုက်ဧက ၃၁၂၀၈ ဧကအတွက် ချေးငွေကျပ် ၄၅၁၂ ဒသမ ၃ သန်း ထုတ်ချေးထားပြီးဖြစ်ကြောင်း နေပြည်တော်တိုင်းဘဏ်ခွဲမန်နေဂျာ ဦးသက်ဦးထံမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**




## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**
အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီလေးခုမှ Food Supplement: Nutrition Powder For Diabetasol ၂၄၉၆ ခု၊ Lykavir Inj: ၉၆၀၀၊ Pulse Oximeter ၄၂၆ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ Disposable Test Tube ၁၁၂ ခု၊ Medical Grade Fluid–Resistance Mask ၄၀၀၀၀၊ Medical Grade Face Mask ၄၀၀၀၀၊ အောက်ဆီဂျင်ထုတ်သည့်စက် ငါးခု၊ ဆေးဝါးမျိုးစုံ ၂၁ မျိုး (၁၀၂၈၉၁ ဒသမ ၀၇၉ ကီလိုဂရမ်)၊ နယ်စပ် (မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ ခုနစ်ခုတို့မှ နှာခေါင်းစည်း ၁၁၂၁၅ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၅၂၆၂ ကုဗမီတာ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၁၂၅၀၊ Shoe Cover ၃၂၅၆ ကီလိုဂရမ်၊ Syringe ၂၅၀၆၄ ခု၊ လက်အိတ် ၁၉၃၈၂ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေငှက်မျိုးစုံ ပျော်မြူးပါတဲ့ ဝက်သည်းကန်ဘေးမဲ့တောဝယ်

သုတေသီတစ်ဦး (ရန်ကုန်တက္ကသိုလ်)

နိုင်ငံတစ်နိုင်ငံ၏ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးသည် ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်မျှော်မှန်းပြီး ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အသုံးပြုခြင်းတို့အပေါ် များစွာတည်မှီပါသည်။ မြန်မာနိုင်ငံကို အာရှနှင့် ပစိဖိတ်ဒေသအတွင်း ဇီဝမျိုးစုံမျိုးကွဲအကြွယ်ဝဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုကြပါသည်။

**နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ**

သို့စေကာမူ ကောင်းမွန်မှန်ကန်သည့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်းတို့အတွက် နှစ်ပေါင်းများစွာ ပူးပေါင်းကြိုးပမ်းအားထုတ်နိုင်မှုမရှိခဲ့ခြင်းကြောင့် နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ ယုတ်လျော့ခဲ့ရပြီးဖြစ်ပါသည်။ အမှန်စင်စစ် ဇီဝမျိုးစုံမျိုးကွဲများသည် သက်ရှိများအား ထောက်ပံ့ပေးသောစနစ် (ဂေဟစနစ်) ၏ အဓိကအစိတ်အပိုင်းဖြစ်သည့်အလျောက် လူ့အဖွဲ့အစည်း၏သာယာဝပြောရေးအတွက် အလွန်ပင်အရေးပါလှပါသည်။

ဇီဝမျိုးစုံမျိုးကွဲများသည် အခြေခံလိုအပ်ချက်များဖြစ်သည့် အစားအစာ၊ နေရာထိုင်ခင်း၊ အဝတ်အစား၊ အလှကုန်ပစ္စည်း၊ ဆေးဝါးနှင့် အပန်းဖြေခြင်းအစရှိသည်တို့ကို ပံ့ပိုးပေးသည့်အတွက် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် မှန်ကန်စွာအသုံးချခြင်းသည် ပဓာနကျပါသည်။ ထို့အပြင် ရာသီဥတု တည်ငြိမ်မျှတရန် ထိန်းညှိခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများအပေါ် လုံးလုံးလျားလျားတည်မှီနေသည့်အလျောက် ဇီဝမျိုးစုံမျိုးကွဲများ၏ တန်ဖိုးသည် ပို၍ပို၍မြင့်မားလာခဲ့ပါသည်။

သဘာဝအရင်းအမြစ်များ (natural resources) များအား ထိန်းသိမ်းကာကွယ်ခြင်းသည် မြန်မာနိုင်ငံတွင် အစိုးရမူဝါဒ၏လုပ်ငန်းတစ်ခုအဖြစ် ရှိနေသည်မှာ ရာစုနှစ်တစ်ခုနီးပါးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော သဘာဝနယ်မြေကို ၁၉၂၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့ပါသည်။ စနစ်သစ် ထိန်းသိမ်းကာကွယ်ခြင်းသည် ၁၉၈၀ ပြည့်နှစ်များ အစောပိုင်းကာလတွင် အစပြုခဲ့ပါသည်။ တည်ထောင်ပြီးသဘာဝနယ်မြေ ၃၉ ခုအနက် ခုနစ်ခုသည် အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Parks _ AHPs) များအဖြစ် သတ်မှတ်ခံထားရပါသည်။ အာဆီယံအမွေအနှစ်ဥယျာဉ်များသည် အာဆီယံနိုင်ငံများတွင် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးသို့မဟုတ် ထူးခြားမှုအရ အသိအမှတ်ပြုခံရခြင်းဖြစ်ပြီး ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်နှင့် နတ်မတောင် အမျိုးသားဥယျာဉ်တို့ပါဝင်ပါသည်။ မြန်မာနိုင်ငံသည် ရမ်ဆာဒေသတစ်ခု (Ramsar Site) ဖြစ်သော မိုးယွန်းကြီးရေတိမ်ဒေသကို သတ်မှတ်ထားပြီး ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာများ အမည်စာရင်းတင်သွင်းရန် ဆောင်ရွက်လျက်ရှိပါသည်။



ရုပ်စုံကျောင်း (ဓာတ်ပုံ- ၂၀၀၄)

**သဘာဝနယ်မြေ ၃၉ ခု**

အထက်ပါ တည်ထောင်ပြီး သဘာဝနယ်မြေ ၃၉ ခုတွင် ဝက်သည်းကန်ဘေးမဲ့တောသည် ၁၉၃၉ ခုနှစ်ကတည်းက စိုက်ပျိုးရေးနှင့် သစ်တောဌာန၏ ခွင့်ပြုမိန့်အမှတ် ၂၇၅ (Notification No.275) အရ စတင်၍ တည်ထောင်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသတွင်ရှိသော ရေတိမ်ရေဝပ်ဒေသ (Small Wetland) တစ်ခုဖြစ်ပါသည်။ ၎င်းအပေါ်တွင် မှီခိုရေငှက်များ (Waterbirds) နှင့် အခြားရေနေသက်ရှိများ (Aquatic Fauna) များကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ပါသည်။

ဝက်သည်းကန်ဘေးမဲ့တောသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့၏ အနောက်ဘက် တစ်ကီလိုမီတာနှင့် မင်းဘူးမြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၅၀ အကွာအဝေးတွင် တည်ရှိပါသည်။ စုစုပေါင်း ၄ ဒသမ ၅ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၆၀ ရှိပြီး ကန်နှင့်ဆက်စပ်လျက် ၈၂ ကီလိုမီတာ မြင့်သော ကန်ချောင်တောရ သာသနာ့ကုန်းနယ်မြေ တစ်ခုလည်းရှိပါသည်။ ရေဝပ်ဒေသအမျိုးအစား

**လူသားအားလုံးတို့သည် မိမိတို့၏ပတ်ဝန်းကျင်ကို လူဦးရေတိုးပွားမှုကြောင့် ပတ်ဝန်းကျင်ပျက်စီးမှု၊ သယံဇာတ၊ မြေဆီလွှာသစ်တောများ လျော့နည်းမှု သက်ရှိမျိုးစိတ်ကွဲများ မျိုးသုဉ်းပျောက်ကွယ်မှုတို့မှ ကာကွယ်တားဆီးနိုင်ရန် လိုအပ်လှပါသည်။ ဤကဲ့သို့ စွမ်းဆောင်နိုင်မှုရရှိစေရန် လူသားများ၏ အသိဉာဏ်ဗဟုသုတကြွယ်ဝမှုနှင့် လူသားများ မိမိတို့၏ပတ်ဝန်းကျင်ကို တန်ဖိုးထားတတ်မှုပေါ်တွင် များစွာမူတည်နေ**

တစ်ခုဖြစ်ပြီး ရေအရင်းအမြစ်အဖြစ် မိုးရေနှင့် ဆည်ရေတို့ကို အားထားရပါသည်။ မိုးရာသီ မိုးများချိန်တွင် ရေမျက်နှာပြင်မြင့်တက်လာ၍ ရေကြီးရေလျှံပြီး ကန်နှင့်ဆက်သွယ်ထားသော ရေထုတ်ပေါက် (Sluice Gate) မှ ဆည်တူးမြောင်းများအတွင်းသို့ ဖြတ်သန်းစီးဆင်းပါသည်။ ဝက်သည်းကန်ဘေးမဲ့တောဒေသ၏နေရင်းသက်ရှိများ (Fauna and Flora) နှင့် အခြားသောဂေဟစနစ် အချက်အလက်များကို ပိုမိုကောင်းမွန်သောစီမံအုပ်ချုပ်မှု ရှိလာစေရန်လည်းကောင်း၊ နယ်မြေဧရိယာကို စနစ်တကျ သတ်မှတ်မှု၊ ရေနေသက်ရှိ၊ အပင်တို့ကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်းတို့ကို ထိန်းကွပ်ရန်လိုအပ်မှုတို့ကို အထောက်အကူပြုရန်အတွက်လည်းကောင်း၊ သုတေသနလုပ်ငန်းများကို စနစ်တကျလုပ်ဆောင်သင့်ပါသည်။ လက်လှမ်းမီသလောက်လည်း သုတေသနများပြုလုပ်ခဲ့ပါသည်။ ထို့ပြင် **ဝက်သည်းကန်ဘေးမဲ့တောသည် သမိုင်းနောက်ခံအကြောင်းအရာများရှိသကဲ့သို့ နိုင်ငံတော်၏ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုဓလေ့များအတွက် ကာကွယ်စောင့်ရှောက်သင့်သောနေရာတစ်ခုလည်းဖြစ်ပါသည်။**

**အပင်မျိုးစိတ် ၁၂၈ မျိုး**

ဝက်သည်းကန်ဘေးမဲ့တောအတွင်း ပြုလုပ်ခဲ့သော သုတေသနမှတ်တမ်းများအရ ရေငှက်မျိုးစိတ်ပေါင်း ၆၄ ခု၊ ကုန်းငှက် ၆၆ ခု၊ ငါးမျိုးစိတ် ၁၀ ခု၊ ရေနေအင်းဆက်မျိုးစိတ် ၁၂ ခုတို့ကိုလည်းကောင်း၊ ရေနေအပင်မျိုးစိတ် ၂၂ ခုအပါအဝင် အပင်မျိုးစိတ် ၁၂၈ မျိုးတို့ကိုလည်းကောင်း တွေ့ရှိခဲ့ကြောင်း သိရှိရပါသည်။ မူလကန်ချောင်ဆရာတော်ကြီးက ဘေးမဲ့တောဧရိယာအဖြစ် သတ်မှတ်ပေးရန် အဆိုပြုခဲ့ခြင်းဖြစ်သည်ကိုလည်း သိရှိခဲ့ရပါသည်။ ဘေးမဲ့တော နယ်နိမိတ်အတွင်း ရှေးဟောင်းသမိုင်းဝင်ဘုရားများ၊ ဘုန်းတော်ကြီးကျောင်း (နာမည်ကျော်ရုပ်စုံကျောင်းကြီးအပါအဝင်)များနှင့် ဒေသနေလူများ၏ပလတ်စတစ်အစား ပဒုမ္မာကြာဖက်အသုံးပြုသည့်ဓလေ့များကိုလည်း တွေ့ရှိခဲ့ရပါသည်။ ဒေသတွင်းနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်စေနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော် အချို့သယံဇာတပစ္စည်းများ လေ၊ ရေ၊ အစားအစာ စသည်တို့သည် အစားထိုးအသစ်တစ်ဖန် ပြန်လည်ရရှိနိုင်သော်လည်း ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် လောင်စာဆီ စသည့်သယံဇာတပစ္စည်းများမှာ ပြန်လည်ဖြစ်ပေါ်နိုင်စွမ်းမရှိကြပေ။

စာမျက်နှာ ၇ သို့ ✡



ဝက်သည်းကန် ဘေးမဲ့တော (ဓာတ်ပုံ-၂၀၀၂)



ဝက်သည်းကန်ဘေးမဲ့တော ရေသွင်း/ ရေထုတ်ပေါက် (ဓာတ်ပုံ- ၂၀၀၂)

## ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးများ(၂)နှင့် (၃)စာအုပ် ဝယ်ယူနိုင်



ရောင်းဈေး တစ်အုပ် ၅၀၀၀ ကျပ်

ရန်ကုန်တက္ကသိုလ်ကြီး၏ ကြီးမြတ်သည့် သမိုင်းကြောင်းများနှင့် ကြီးမားသည့် အစဉ်အလာများကို ပြည်သူများ ခံစားသိမြင်နိုင်စေရန်အတွက် စာပေပညာရှင်၊ ပါသနာရှင်အသီးသီးက မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထုတ်ဖော်ရေးသားခဲ့ကြပါသည်။

အဆိုပါ ဆောင်းပါးများကို တစ်စုတစ်စည်းတည်း စုစည်း၍ **"ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀) ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးများ (၂)နှင့် (၃)"** စာအုပ်များအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေခဲ့ပါသည်။

ဤစာအုပ်များတွင် ရှေးအစဉ်အဆက်မှ ယနေ့ထက်တိုင် အရေးပါနေဆဲ၊ တန်ဖိုးထားတမ်းတနေရဆဲဖြစ်သော ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းဖြစ်စဉ်ဖြစ်ရပ်များ၊ ရန်ကုန်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ ကြည်နူးဖွယ်၊ လွမ်းဆွတ်ဖွယ် ဘဝဖြတ်သန်းမှုအတွေ့အကြုံများကို ရေးသားဖော်ပြထားသည့် ဆောင်းပါးပေါင်းများစွာကို စုစည်းဖော်ပြထားပါသည်။

ဂုဏ်ပြုဆောင်းပါးများ ရေးသားခဲ့သည့် ဆောင်းပါးရှင်များအား စာမူခနှင့် စာအုပ်လက်ဆောင်ချီးမြှင့်ပေးလျက်ရှိရာ ထုတ်ယူရန်ကျန်ရှိသည့် ဆောင်းပါးရှင်များအနေဖြင့် နီးစပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှတစ်ဆင့် ဆက်သွယ်ထုတ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဝယ်ယူရရှိနိုင်သည့် နေရာများ**

- ရုံးအမှတ်(၇)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်း - ၀၆၇ ၃၄၁ ၂၃၇၁။
- ထုတ်လုပ်ရေးဌာနခွဲ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၈၂၁၀၉၃၆၊ ၀၁-၈၃၇၁၃၃၄။
- အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ။
- စာပေဗိမာန်စာအုပ်အရောင်းဆိုင်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်။

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက် (ကြာသပတေးနေ့)သည် "ဒီပါဝလီနေ့" ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားငါးလုပ်ငန်းစခန်း၌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းအမှတ်စဉ် (၁/၂၀၂၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ ဦးစီးမှူးများ၊ သက်ဆိုင်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ရွှေနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးမှူးများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးများ၊ ငါးစခန်းတာဝန်ခံများ၊ သင်တန်းဆရာဆရာမများ၊ သင်တန်းသားသင်တန်းသူ ၂၀ တို့ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် ငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်း ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ဖြင့် သုံးရက်တာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်
# "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ရက်တိုးမြှင့်ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "လှပသာယာ ပြည်မြန်မာ" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည် ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရန် ဖိတ်ခေါ်ထားမှုအစား ရက်တိုးမြှင့်သတ်မှတ်၍ ၃၀-၁၁-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ဦးမြင့်ဆွေ၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၇၁၃၃၄၊ ၀၁-၈၂၁၀၉၃၆ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

✡ စာမျက်နှာ ၆ မှ

သယံဇာတများကို အစားထိုးနိုင်ခြင်းမှာ သက်ရှိဖြစ်သော အစိမ်းရောင်ရှိအပင်နှင့် သတ္တဝါများ ဆက်သွယ်မှုရှိခြင်းတို့ကြောင့် လေထုထဲတွင် အောက်ဆီဂျင်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်တို့ မျှတစွာတည်ရှိနိုင်မှုကို ထိန်းသိမ်းထားနိုင်ခြင်းကြောင့်လည်းကောင်း၊ ရေငွေ့ပျံခြင်းနှင့် မိုးရွာခြင်းတို့ကြောင့် ကမ္ဘာမြေကြီးရှိ ရေရရှိမှုကို ထိန်းသိမ်းထားနိုင်ခြင်း စသည်တို့ကြောင့်လည်းကောင်း ဖြစ်ပါသည်။

ပြန်လည်ဖြစ်ပေါ်နိုင်စွမ်းမရှိသော သယံဇာတများမှာမူ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် မြေပေါ်မြေအောက် သက်ရှိများ သေကျေဆွေးမြည့်ခြင်းမှ ဖြစ်ပေါ်တည်ရှိနေခဲ့ခြင်းကြောင့် ဖြစ်သည်။ ၎င်းတို့ကို လူသားတို့က အလွန်အကျွံသုံးစွဲခြင်း၊ ဖျက်ဆီးပစ်ခြင်းနှင့် လောင်စာပစ္စည်းများကို လျင်မြန်စွာသုံးစွဲခြင်းတို့ကို ပြုလုပ်ခဲ့ပါက ပြန်လည်ဖြစ်ပေါ်နိုင်စွမ်းမရှိသော သယံဇာတများပြုန်းတီးပျောက်ကွယ်သွားသည့်အခါ ပြန်လည်၍အစားမထိုးနိုင်ခြင်းကြောင့် လုံးဝကွယ်ပျောက်သွားနိုင်သည့်အခြေအနေသို့ ဆိုက်ရောက်လာနိုင်သည်မှာ အမှန်ပင်ဖြစ်ပေလိမ့်မည်။

**အစားထိုးနိုင်စွမ်း မရှိသည့်သယံဇာတများ**

အထူးသဖြင့် ယခုကဲ့သို့ လူနေမှုစနစ် ခေတ်မီတိုးတက်လာသည်နှင့်အမျှ နေထိုင်မှုအဆင့်အတန်းကို တိုးတက်သည်ထက် တိုးတက်လာအောင်သာ အလေးထား၍ သဘာဝပတ်ဝန်းကျင်အနေအထားပေါ်မူ အလေးထားမှုလျော့ပါးလျက်ရှိပါသည်။ ဤကဲ့သို့သာ ရပ်တည်သွားမည်ဆိုပါက အစားထိုးနိုင်စွမ်းမရှိသည့်သယံဇာတများကို မိမိတို့အကျိုးအတွက်သာလျှင် အသုံးပြုသွားကြပါလိမ့်မည်။ ထိုကဲ့သို့ ဆက်လက်ဖြစ်ပေါ်နေပါက လူသားများအပါအဝင် သက်ရှိမျိုးစိတ်များ၊ ကမ္ဘာမြေကြီးမှ ကွယ်ပျောက်သွားရန်သာ အကြောင်းရှိပါတော့သည်။ ထို့ကြောင့် လူသားတိုင်း မိမိတို့နေထိုင်မှီဝဲနေရသည့် သဘာဝအခြေအနေကို ရေရှည်တည်တံ့စေရန် အသိစိတ်ဓာတ်အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍမှ တတ်စွမ်းသမျှ ထိန်းသိမ်းဆောင်ရွက်ရမည်မှာ သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။

လူသားအားလုံးတို့သည် မိမိတို့၏ပတ်ဝန်းကျင်ကို လူဦးရေတိုးပွားမှုကြောင့် ပတ်ဝန်းကျင်ပျက်စီးမှု၊ သယံဇာတ၊ မြေဆီလွှာသစ်တောများ လျော့နည်းမှု သက်ရှိမျိုးစိတ်ကွဲများ မျိုးသုဉ်းပျောက်ကွယ်မှုတို့မှ ကာကွယ်တားဆီးနိုင်ရန် လိုအပ်လှပါသည်။ ဤကဲ့သို့ စွမ်းဆောင်နိုင်မှုရရှိစေရန် လူသားများ၏ အသိဉာဏ်ဗဟုသုတကြွယ်ဝမှုနှင့် လူသားများ မိမိတို့၏ ပတ်ဝန်းကျင်ကို တန်ဖိုးထားတတ်မှုပေါ်တွင် များစွာမူတည်နေပါသည်။

ဤရှုပ်ထွေးလှသော ပတ်ဝန်းကျင်ပြဿနာများကို နားလည်နိုင်ရန် အသင်းအဖွဲ့ဖွဲ့စည်း၍ စူးစမ်းလေ့လာဆောင်ရွက်ခြင်း၊ စည်းကမ်းဥပဒေများကို ချမှတ်ဆောင်ရွက်ခြင်းတို့ လိုအပ်ပါသည်။ ထို့အပြင် အသင်းအဖွဲ့အစည်းဝင်များတွင် ဇီဝဗေဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ မိုးလေဝသနှင့် ဇလဗေဒ၊ ဓာတုဗေဒ၊ ပတ်ဝန်းကျင်ဆိုင်ရာဥပဒေနှင့် ဘူမိဗေဒဆိုင်ရာ ပညာရှင်များအပြင် ရုပ်ပိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ မနုဿဗေဒနှင့် သမိုင်းဆိုင်ရာပညာရပ်များနှင့် သက်ဆိုင်သည့်သုတေသနလုပ်ငန်းများကို လုပ်ဆောင်ပညာပေးဖြန့်ဝေရန်လည်း အထူးလိုအပ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကိုးကားစာရင်း**

၁။ **ရန်ကုန်တက္ကသိုလ်/ ဒဂုံတက္ကသိုလ်/ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်/ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ သတ္တ/ရုက္ခ/ဓာတု/ပထဝီ/ဥပဒေဌာနများမှ ပါမောက္ခ/တွဲဖက်ပါမောက္ခ/ကထိကများ။ (၂၀၁၂)။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စဉ်တိုက်ဖွံ့ဖြိုးတိုးတက်မှု (၂၀၁၁ ခုနှစ် ဇွန်လထိ)။ အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ပညာရေးဝန်ကြီးဌာန။**

၂။ **KHIN GYEE MAUNG (2005). Community Structure and Seasonal Occurrence of Avian Fauna in Wetthigan Wildlife Sanctuary, Magway Division, Myanmar (June 2002 to July 2003). INIS –MM––114. Myanmar. REF. NO. 41086855. INIS Volume 41. INIS Issue 31.**

၃။ **MOECAF (2011). The Republic of the Union of Myanmar National Biodiversity Strategy and Action Plan Myanmar. The Government of the Union of Myanmar, UNEP, MOECAF, AND GEF, Nay Pyi Taw, Myanmar.**

၄။ **MOECAF (2015). The Republic of the Union of Myanmar National Biodiversity Strategy and Action Plan Myanmar (2015– 2020). The Government of the Union of Myanmar, UNEP, MOECAF, AND GEF, Nay Pyi Taw, Myanmar.**

# စစ်တက္ကသိုလ် အဆင့်မြင့်စာပေပညာဗဟိုဌာန၌ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၁) ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

တပ်မတော်အနေဖြင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာများ အထောက်အကူပြုနိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့်(၂၀၂၁) “Conference on Science and Technology Development–2021 (CSTD–2021)” ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ် စစ်တက္ကသိုလ် အဆင့်မြင့်စာပေပညာဗဟိုဌာန ငါးထပ်စာသင်ဆောင်ရှိ Multifunction Hall၌ ကိုဗစ်–၁၉ ကူးစက်ရောဂါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စတင်ကျင်းပသည်။



**တက်ရောက်**

အဆိုပါ ကွန်ဖရင့်သို့ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်၊ တပ်မတော် တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များနှင့် အရာရှိများ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခများ၊ တပ်နယ်မှ မဟာဘွဲ့နှင့်ပါရဂူဘွဲ့သင်တန်းတက်ရောက်နေသော သင်တန်းသားအရာရှိများနှင့် ဗိုလ်လောင်းများ တက်ရောက်ကြပြီး ကိုယ်တိုင်လာရောက် စာတမ်းမဖတ်ကြားနိုင်သော Keynote speaker များ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ တင်သွင်းခင်းကျင်းပြသထားသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပိုစတာ ၂၃ စောင်ကို လှည့်လည်ကြည့်ရှုရာ ပိုစတာရှင်များက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဖိတ်ကြားထားသော ပါမောက္ခများ၏ စာတမ်းနှစ်စောင်၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနစာတမ်း ၅၄ စောင် စုစုပေါင်း ၅၆ စောင် ဖတ်ကြားခဲ့သည်။

**ဆက်လက်ဖတ်ကြားသွားမည်**

အဆိုပါ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(၂၀၂၁)ကို အောက်တိုဘာ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖိတ်ကြားထားသော Keynote Speaker စာတမ်း နှစ်စောင်၊ အထူးစာတမ်း ခြောက်စောင်အပါအဝင် စုစုပေါင်းစာတမ်း အစောင် ၅၀ ကို ဆက်လက်ဖတ်ကြားသွားမည်ဖြစ်ကြောင်း၊ အကောင်းဆုံး စာတမ်းခြောက်ဆုနှင့် အကောင်းဆုံးပိုစတာဆု နှစ်ဆု ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၂၆**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန် အတွက် ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံတပ်နယ်ရှိ တပ်ရင်း/ တပ်ဖွဲ့များ၏ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများကို လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့်အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်ရှိ စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကြက်အစာ ဖြန့်ဖြူးရေးနှင့် ဝက်အစာ စပ်စက်ရုံတို့ကို လည်းကောင်း အသီးသီး သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့၊ လောက်ကိုင်မြို့နှင့် မိုင်းရယ်မြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်နှင့် လွိုင်လင်မြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် မြိတ်မြို့တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့၊ ကျောက်ဖြူမြို့နှင့် ဂွမြို့တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့၊ အုတ်တွင်းမြို့၊ ပေါက်ခေါင်းမြို့တို့၌ လည်းကောင်း ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။




ကွမ်းလုံမြို့၌ တပ်မတော်ထောက်ခံပွဲ ပြုလုပ်စဉ်။

**ဆိုင်းဘုတ်များကိုင်ဆောင်**

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် “နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပါသည်၊ အမျိုးဘာသာ သာသနာကို စောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ NUG၊ CRPH၊ PDF အကြမ်းဖက်သမားအလိုမရှိ၊ NUG၊ CRPH၊ PDF အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ကြ၊ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊ ပြည်ပအားကိုးပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ မြန်မာ့ပြည်တွင်းရေး ပြည်ပဖြည့်စွက်မှုအလိုမရှိ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အား ထောက်ခံပါသည်၊ ဒီမိုကရေစီ အရေခြုံ ကွန်မြူနစ်လုပ်ရပ်ကျဆုံးပါစေ၊ NUG၊ PDF အကြမ်းဖက်မှု အမြစ်ဖြုတ်၊ NUG၊ PDF အကြမ်းဖက်မှုတွေ မြင်အောင်ကြည့်၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှုချက်ချင်းရပ် ” စသည့် စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်ကြွေးကြော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

❖ **ပမ္မဝတီတံတားမှ**

ယခင်မူလ ကြိုးတံတားဟောင်းစတင်ဖွင့်လှစ်စဉ်အခါက ယာဉ်တစ်စီးချင်း ၃၅ တန်အထိခွင့်ပြုထားရာ သက်တမ်းကြာမြင့်လာသည်နှင့်အမျှ တံတားခံနိုင်ဝန်အားလျော့နည်းလာသောကြောင့် ယာဉ်တစ်စီးချင်း ၁၆ တန်သာ ခွင့်ပြုနိုင်တော့သဖြင့် ကြိုးတံတားဟောင်းကိုဖြုတ်သိမ်းကာ Steel Box Girder၊ သံကူကွန်ကရစ်ကြမ်းခင်းအဖြစ် အစားထိုးဆောင်ရွက်နေခြင်းဖြစ်သည်။

**ခံနိုင်ဝန် တန် ၆၀**

အဆိုပါ နှစ်လမ်းသွားပင်မတံတားသစ်သည် အရှည် ပေ ၁၂၆၀၊ တံတားအကျယ် ၃၁ ပေနှင့် ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ရှိသည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းခံနိုင်ဝန်တန် ၆၀ ဖြစ်ပြီး ချဉ်းကပ်တံတားနှင့်တံတားအောက်ထည်တို့ကို သံကူကွန်ကရစ်ဖြင့်တည်ဆောက်ထားသည်။ လက်ရှိအနေအထားအရ တံတားအဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းပိုင်းအတွက် ပင်မကြိုးတံတားဖြုတ်သိမ်းခြင်းလုပ်ငန်းများ အလုံးစုံဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ တံတားအုတ်မြစ်လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်ပြီးစီးပါက တံတားအပေါ်ထည်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တံတားအထူးအဖွဲ့ (၁၅)မှ သိရသည်။

**ပြီးစီးရန်လျာထား**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းကိုသာ အဓိကအားထားလုပ်ကိုင်နေကြသောကြောင့် ပမ္မဝတီတံတား (မြင်းကဆိပ်) အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးပါက ဒေသထွက်ဆန်၊ စပါး၊ သား/ငါး၊ သီးနှံများအားအဆင်ပြေလွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ကြတော့မည်ဖြစ်သည်။ ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း၊ အဆိုပါ ပမ္မဝတီတံတား (မြင်းကဆိပ်)အဆင့်မြှင့်တင် တည်ဆောက်ရေးစီမံကိန်းအတွက် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂ ရက်က စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လာမည့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွင်း တံတားအဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးရန်လျာထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်း – ပွင့်သစ္စာ**
**ဓာတ်ပုံ – စိုးမြင့်အောင်**

# ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့်ချေးငွေ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးက ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ကျပ် ၁၅ ဘီလီယံအား ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါချေးငွေကို အောက်ပါအချက်များနှင့် အကျုံးဝင် ကိုက်ညီသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများသို့ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလတစ်နှစ် သတ်မှတ်၍ ချေးယူခွင့်ပြုသွားမည်ဖြစ်ပါသည် -

(က) အောက်ပါလုပ်ငန်းများက လျှောက်ထားနိုင်ပါသည် -
(၁) ရုပ်ရှင်/ ဗီဒီယို/ ရုပ်သံ/ အသံလွှင့် စသည်တို့ ရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ပြသခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ။
(၂) တေးဂီတဝိုင်းများ၊ ထုတ်လုပ်သူများ၊ ဖြန့်ချိသူများ။
(၃) ဇာတ်သဘင်၊ အငြိမ့် ဖျော်ဖြေမှုလုပ်ငန်းများ။
(၄) စာနယ်ဇင်း ပုံနှိပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း ဆောင်ရွက်သည့် လုပ်ငန်းများ။
(ခ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသော အခြေအနေရှိသောလုပ်ငန်း ဖြစ်ရမည်။
(ဂ) ချေးငွေအား လုပ်ငန်းဆက်လက် လည်ပတ်ရန်ကိစ္စအတွက်သာ အသုံးပြုမည့်လုပ်ငန်း ဖြစ်ရမည်။
(ဃ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်ရုံးက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် ကုမ္ပဏီမဖြစ်စေရ။ ကုမ္ပဏီမဟုတ်သော စီးပွားရေးလုပ်ငန်းဖြစ်ပါက သက်ဆိုင်ရာ အစိုးရဌာန/အဖွဲ့အစည်းက မှတ်ပုံတင်စာရင်းမှ ဆိုင်းငံ့ထားခြင်းခံရသည့် သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းခံထားရသည့် စီးပွားရေးလုပ်ငန်း မဖြစ်စေရ။
(င) ဝင်ငွေခွန်/ ကုန်သွယ်လုပ်ငန်းခွန်/ အထူးကုန်စည်ခွန် ပေးဆောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း ဖြစ်ရမည်။
(စ) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ကုမ္ပဏီမဟုတ်ပါက ချေးငွေရယူသည့် လုပ်ငန်းပိုင်ရှင်မှ ချေးငွေအား ပြန်လည်ပေးဆပ်ရန် အာမခံချက်ပေးနိုင်ရမည်။
(ဆ) ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိနေသော နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းဖြစ်ရမည်။
(ဇ) လက်ရှိလည်ပတ်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ရမည် သို့မဟုတ် ယာယီရပ်စဲထားသော လုပ်ငန်းဖြစ်လျှင် ချေးငွေရရှိပါက ချက်ချင်း ပြန်လည်စတင်နိုင်သည့် လုပ်ငန်းဖြစ်ရမည်။
(ဈ) ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်နေ့မတိုင်မီက သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက်/ လုပ်ငန်း လိုင်စင်ရထားပြီးဖြစ်သည့် လုပ်ငန်းဖြစ်ရမည်။
(ည) လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း နှစ်စဉ်ဝင်ငွေရရှိနေသောလုပ်ငန်း ဖြစ်ရမည်။
(ဋ) ဘဏ်တစ်ခုခုမှ ချေးငွေရယူထားပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိသည့် လုပ်ငန်းများ၊ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုကြောင့် ဘဏ်တစ်ခုခုက တရားစွဲဆိုခြင်းခံထားရသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများ မဖြစ်စေရ။
(ဌ) ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးသည့် ချေးငွေကို ယခင်က ရယူထားပြီးဖြစ်သည့်လုပ်ငန်း မဖြစ်စေရ။

၃။ ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် ချေးငွေရယူထားသည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများအနေဖြင့် ချေးငွေပေးဆပ်မှု ပျက်ကွက်ပါက Credit Bureau တွင် Negative List အဖြစ် ထည့်သွင်းခံရမည်ဖြစ်ပြီး ဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းတို့မှ ချေးငွေရယူနိုင်ခြင်း မရှိစေရန် စီစဉ်သွားမည်။

၄။ ချေးငွေများကို သတ်မှတ်ထားသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာပုံစံများဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အဆိုပြုလျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရန်ဖော်ပြထားသည့် စာရွက်စာတမ်း အချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

၅။ လျှောက်လွှာများကိုအောက်ပါ ရုံး၊ ဌာနများတွင် ရယူနိုင်ပါသည်-
(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်မြို့။
(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ။
(ဂ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများ။

၆။ လျှောက်လွှာများကို အောက်ဖော်ပြပါ website များမှလည်း ထုတ်ယူနိုင်ပါသည် -
(က) www.mifer.gov.mm။

စာမျက်နှာ ၁၀ သို့ ❍

## ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ

| စဉ် | အမျိုးအစား | မှတ်ချက် |
|---|---|---|
| **ကုမ္ပဏီဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | | |
| ၁။ | ကုမ္ပဏီမှတ်ပုံတင် လက်မှတ် | |
| ၂။ | အစုရှယ်ယာရှင်များစာရင်း၊ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း | |
| ၃။ | ချေးငွေရယူရန်အတွက် အစည်းအဝေး ဆုံးဖြတ်ချက်/မှတ်တမ်း (မူရင်း) | |
| ၄။ | ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း | |
| ၅။ | ကုမ္ပဏီသမိုင်းကြောင်း မှတ်တမ်း | |
| ၆။ | ကိုဗစ်-၁၉ ချေးငွေရရှိပါက ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ် | |
| ၇။ | ချေးငွေပြန်လည်ပေးဆပ်မည့်အစီအစဉ် | |
| ၈။ | လုပ်ငန်းဓာတ်ပုံ | |
| ၉။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်) လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၀။ | ဘဏ္ဍာရေးရှင်းတမ်း * လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၁၁။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၁၂။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |
| **အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဖြစ်ပါက လိုအပ်မည့် စာရွက်စာတမ်းများ** | | |
| ၁။ | သက်တမ်းရှိ စည်ပင်လိုင်စင်/ သက်ဆိုင်ရာဝန်ကြီးဌာနမှ ခွင့်ပြုထုတ်ပေးသောလိုင်စင် | |
| ၂။ | လုပ်ငန်းသမိုင်းကြောင်း မှတ်တမ်း | |
| ၃။ | ကိုဗစ်-၁၉ ချေးငွေရရှိပါက ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ် | |
| ၄။ | ချေးငွေပြန်လည်ပေးဆပ်မည့် အစီအစဉ် | |
| ၅။ | လုပ်ငန်းဓာတ်ပုံ | |
| ၆။ | အခွန်ပြေစာများ (ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်၊ စည်ပင်ခွန်) လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၇။ | ဘဏ္ဍာရေးရှင်းတမ်း (ဝင်ငွေ၊ ထွက်ငွေ၊ အသုံးစရိတ်များ) * လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၁) နှစ်အတွက် | |
| ၈။ | လွန်ခဲ့သော (၃) လ၏ ဘဏ်လက်ကျန်စာရင်း (သို့မဟုတ်) ဝင်ငွေ/ ထွက်ငွေ အထောက်အထား | |
| ၉။ | ဝန်ထမ်းအရေအတွက်စာရင်းနှင့် ၎င်းတို့၏ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် | |

နောက်ဆက်တွဲ(က)

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့စီးပွားရေးဘဏ်

### ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိသော နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေအတွက် အဆိုပြုလျှောက်လွှာ

နေ့စွဲ၊ ၂၀၂၁ ခုနှစ်၊ လ ရက်

၁။ ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်း၏ အခြေခံအချက်အလက်များ
(က) လျှောက်ထားသောကုမ္ပဏီ/လုပ်ငန်းအမည် – ----------------------------
(ခ) ကုမ္ပဏီ/လုပ်ငန်းမှတ်ပုံတင်အမှတ်နှင့်နေ့စွဲ – ----------------------------
(ဂ) ကုမ္ပဏီ/လုပ်ငန်း၏လိပ်စာအပြည့်အစုံ – ----------------------------
----------------------------
(ဃ) လုပ်ငန်းအမျိုးအစား – ----------------------------
(င) လုပ်ငန်းသက်တမ်း – ----------------------------
(စ) မတည်ရင်းနှီးငွေပမာဏ – ----------------------------
(ဆ) လုပ်ငန်းလည်ပတ်ရင်းနှီးငွေပမာဏ – ----------------------------

၂။ ကိုဗစ်-၁၉ ကြောင့်ထိခိုက်မှုအခြေအနေ
(က) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းခန့်ထားသည့်ဝန်ထမ်းဦးရေ – ----------------------------
(ခ) လက်ရှိဝန်ထမ်းအရေအတွက် – ----------------------------
(ဂ) ကိုဗစ်-၁၉ မတိုင်မီ (၃) လအချိန်ကာလ အတွင်းရရှိခဲ့သည့်ဝင်ငွေပမာဏ – ----------------------------
(ဃ) လက်ရှိရရှိနေသည့် ဝင်ငွေပမာဏနှင့်ရာခိုင်နှုန်း – ----------------------------
(င) လျော့ကျသွားသည့် ဝင်ငွေပမာဏနှင့်ရာခိုင်နှုန်း – ----------------------------

၃။ ချေးယူလိုသည့်ချေးငွေပမာဏနှင့် ချေးယူလိုသောသက်တမ်း (တစ်နှစ်ထက်မပိုရပါ) – ----------------------------

လက်မှတ် – ----------------------------
အမည် – ----------------------------
မှတ်ပုံတင်အမှတ် – ----------------------------
ရာထူး – ----------------------------
ဆက်သွယ်ရန် (ဖုန်း/အီးမေးလ်) – ----------------------------

# မိုးရွာသွန်းမှုကြောင့် ပျက်စီးသွားသော ပုဂံယဉ်ကျေးမှုနယ်မြေမှ စေတီပုထိုး ၂၀ ခန့်ကို ရှေးမူမပျက် ပြန်လည်ပြုပြင်နေ

**ညောင်ဦး  အောက်တိုဘာ ၂၆**
အောက်တိုဘာလတတိယပတ်က နှစ်ရက်ဆက်တိုက် ရွာသွန်းခဲ့သောမိုးကြောင့် ပုဂံယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုး ၂၀ ခန့် ပျက်စီးခဲ့ရာ အဆိုပါ ပျက်စီးမှုများကို ရှေးမူမပျက် အချိန်မီပြုပြင်နေကြောင်း ပုဂံရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဩဂုတ်လကုန်ပိုင်းတွင် အဆက်မပြတ်မိုးရွာသွန်းခဲ့ပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်းရှိ ကိုရီးယားနိုင်ငံ YOE LAY BUDDHIST, SECT SUK IN WANG က ပြန်လည်ပြုပြင်လှူဒါန်းထားသည့် သံပျင်စွာဘုရားတိုက်မ တောင်ဘက်နံရံ ပြိုကျခဲ့ရာ ပုဂံရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် တာဝန်ရှိသူများက စစ်ဆေးခဲ့ပြီး ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။

ထို့အတူ ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း စေတီပုထိုး ၂၀ ခန့် ထိခိုက်ပျက်စီးခဲ့ရာ နိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များ ထပ်မံထိခိုက်မှုမရှိစေရန် အချိန်မီ ဆက်လက်ပြုပြင်လျက်ရှိသည်။



"သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြပြီး ထိခိုက်ပျက်စီးသွားတဲ့ ပုဂံကဘုရား၊ စေတီတွေကို ရှေးမူမပျက်ပြန်လည်ပြုပြင်နေပါတယ်။ မိုးများတဲ့အတွက် ပုဂံမှာရှိတဲ့စေတီပုထိုး၊ ဘုရားတွေရဲ့ သုညဒသမ ၅ ရာခိုင်နှုန်း ဒါမှမဟုတ် တစ်ရာခိုင်နှုန်းခန့် ထိခိုက်ပျက်စီးခဲ့တယ်လို့ ဆိုရမှာပါ။ ဒါကြောင့် ရှေးမူမပျက်အင်္ဂါစုံပြုပြင်တဲ့ စေတီပုထိုးနဲ့ ဆက်လက်ထိန်းသိမ်းထားတဲ့စေတီပုထိုးဆိုပြီး ဆောင်ရွက်နေတာရှိပါတယ်။ ဩဂုတ်လနဲ့ စက်တင်ဘာလက ထိခိုက်ခဲ့တဲ့ စေတီပုထိုးတွေနဲ့ပတ်သက်တဲ့ ပြုပြင်မွမ်းမံမှုအပိုင်းလည်း ပြီးသွားပါပြီ။ ဒီလထဲမှာ ထိခိုက်ပျက်စီးခဲ့တဲ့ စေတီပုထိုးနဲ့ အုတ်တံတိုင်းတွေကို ပညာရှင်တွေ၊ အင်ဂျင်နီယာတွေ၊ အတွေ့အကြုံရှိတဲ့ ပန်းရန်ဆရာတွေနဲ့ ရှေးမူမပျက်ပြုပြင်ဆောင်ရွက်နေပါတယ်"ဟု ပုဂံရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးက ပြောသည်။

ပုဂံရှေးဟောင်းနယ်မြေ၌ ၂၀၁၆ ခုနှစ် ဩဂုတ်လ တတိယပတ်က လှုပ်ခတ်ခဲ့သာ ငလျင်ဒဏ်ကြောင့် ဘုရား၊ စေတီပုထိုးအချို့ ထိခိုက်ပျက်စီးခဲ့ပြီး ယခုနှစ်တွင်လည်း မိုးများသည့်ဒဏ်ကြောင့် စေတီပုထိုးအချို့ ပြိုကျပျက်စီးမှုရှိခဲ့ရာ အချိန်မီပြန်လည်ပြုပြင်ရန် ဆောင်ရွက်လျက်ရှိသည်။

**သတင်း – ညိမ်းသူ (သတင်းစဉ်)**
**ဓာတ်ပုံ – ကနူး**

## ဒိုက်ဦးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ဒိုက်ဦး အောက်တိုဘာ ၂၆**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သော ၂၀၂၁–၂၀၂၂ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု ချိုးလှကွင်း ကွင်းအမှတ် ၁၁၄ခ ဦးပိုင်အမှတ် (၂၃/၁)တောင်သူ ဦးမောင်စိုး၏ ဆင်းသုခ မိုးစပါးစံကွက်၌ ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်တင်း အစိုချိန်တင်း ၁၁၀၊ အခြောက်ချိန် ၁၀၀ ဒသမ ၂၈ တင်း ထွက်ရှိကြောင်း သိရသည်။



အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းဌေးကျော်၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြသည်။ **ကျော်ကျော်(ဒိုက်ဦး)**

## မောင်တောမြို့နယ် ပန်းခင်းစုံငွေစု/ငွေချေး သမဝါယမအသင်း(လီမီတက်)မှ အသင်းသားများသို့ စုဆောင်းငွေပေါ်အတိုး ပေးအပ်

**မောင်တော အောက်တိုဘာ ၂၆**
ရခိုင်ပြည်နယ် မောင်တောမြို့ရှိ (ပညာရေးဌာန) ပန်းခင်းစုံငွေစု/ငွေချေးသမဝါယမအသင်း လီမိတက်မှ အသင်းသားပြည်သူများအား စုဆောင်းငွေအပေါ် အတိုးနှင့် ဆောင်းတွင်းဝတ်စုံများ ပေးအပ်သည့်အခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က မောင်တောမြို့ အထက(၁) ကျောင်းခန်းမ၌ ကျင်းပရာ အသင်းသားပြည်သူ ၁၁၀၅ ဦး၏ စက်တင်ဘာ ၃၀ ရက်အထိ စုဆောင်းထားသော စုဆောင်းငွေကျပ်သိန်း ၆၀၄၇ ဒသမ ၆၃၀ အပေါ်ရရှိသည့် စုဆောင်းငွေပေါ်အတိုး ငွေကျပ်သိန်း ၃၅၇ ဒသမ ၈၉ ကို ထုတ်ပေးခဲ့ပြီး အသင်းသားပြည်သူများ ဆောင်းရာသီ၌ ဝတ်ဆင်ရန် အတွက် ကျပ်သိန်း ၁၇၀ တန်ဖိုးရှိ ဆောင်းတွင်းဝတ်စုံ ၁၁၀၅ စုံကို လက်ဆောင်ပစ္စည်းအဖြစ် ပေးအပ်ခဲ့ကြောင်းနှင့် စုဆောင်း ငွေအများဆုံး စုဆောင်းနိုင်သူ အသင်းသား ၁၀ ဦးကိုလည်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၆-၁၀-၂၀၂၁)ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 2 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 3 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 4 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 5 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 6 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 7 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 8 | P.O – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 9 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 10 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

❍ စာမျက်နှာ ၉ မှ

(ခ) www.moi.gov.mm။
(ဂ) www.dica.gov.mm။
(ဃ) www.umfcci.com.mm။

၇။ လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့အတွင်း အစိုးရရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါနေရာများ၌ လက်ခံသွားမည် ဖြစ်ပါသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။
(ခ) တိုင်းဒေသကြီးနှင့်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်အသင်းရုံးများ။

၈။ အွန်လိုင်းမှ လျှောက်ထားလိုသူများအတွက် Website လိပ်စာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။

၉။ လျှောက်လွှာလက်ခံရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ထက် ကျော်လွန်တင်ပြလာသည့် လျှောက်လွှာများအား လက်ခံဆောင်ရွက်ခြင်းပြုမည် မဟုတ်ပါ။

၁၀။ ချေးငွေလျှောက်ထားခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက အောက်ဖော်ပြပါ ရုံး၊ ဌာနနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်–

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။ ၀၉ – ၄၄၅ ၈၆၃ ၉၈၂ / ၀၉ – ၄၄၅၈၆၄ ၃၈၁
(ခ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန။ ၀၁ – ၆၅၈၁၂၂ / ၀၁ – ၆၅၈၁၃၁

၁၁။ ကိုဗစ်–၁၉ ကြောင့် ထိခိုက်မှုရှိနေသည့် အပိုဒ် ၂ ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လုပ်ငန်းများအနေဖြင့် သတ်မှတ်ရက်အတွင်း ချေးငွေလျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်–၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၉၁၄၅ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၂၄ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၆-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၅-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၉,၁၄၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၂၄)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄ ဒသမ ၈၃) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၇၁,၂၅၃)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၉၅,၈၉၈)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၇၅၄)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၆၀,၂၂၄)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၈,၅၈၂)ဦး ရှိပါသည်။


- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျ စည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်း လျော့နည်းကျဆင်းလာခဲ့ပြီး လွန်ခဲ့သော (၇) ရက်အတွင်း အချို့ရက်များတွင် ရောဂါပိုးတွေ့ရှိမှုနှုန်း (၅) ရာခိုင်နှုန်းအောက်အထိ လျော့နည်းကျဆင်းခဲ့ကြောင်း တွေ့ရှိရပါ၍ ရောဂါကူးစက်မှုအား ယခုထက် ပိုမိုလျော့နည်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- **သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားလာသူများခြင်းနှင့် အချို့နေရာများတွင် လူစုလူဝေးများပြားခြင်းများရှိခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာမှုမရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို တိကျစွာလိုက်နာကြရန် ဖြစ်ပါသည်။**
  - အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
  - နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊
  - လက်ကို မကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျ ရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာ ကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ မိမိနှင့် အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၆-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၉၇) ခု | (၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၄) ခု | (၁၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၁၄) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၂) ခု | (၃၃) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၃၁) ခု | (၄) ဦး |
| တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၇၃) ခု | (၄၁) ဦး |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၈၄၃) ခု | (၈၀၄) ဦး |
| စုစုပေါင်း | (၁၉,၁၄၅) ခု | (၉၂၄) ဦး |

## မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း ရောဂါဖြစ်ပွားမှု အခြေအနေ (၂၇-၅-၂၀၂၁ မှ ၂၅-၁၀-၂၀၂၁)




## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၄၁၇၅၂၅ | ၃၆၂၇၁၃၂၇ | ၇၅၇၈၄၉ |
| ၂။ | အိန္ဒိယ | ၃၄၂၀၂၂၀၂ | ၃၃၅၈၃၃၁၈ | ၄၅၅၁၀၀ |
| ၃။ | ဘရာဇီး | ၂၁၇၃၅၅၆၀ | ၂၀၉၂၂၆၃၃ | ၆၀၅၈၈၄ |
| ၄။ | ဗြိတိန် | ၈၈၀၉၇၇၄ | ၇၁၇၂၀၉၁ | ၁၃၉၅၇၁ |
| ၅။ | ရုရှား | ၈၃၁၆၀၁၉ | ၇၂၁၃၅၈၄ | ၂၃၂၇၇၅ |
| ၆။ | တူရကီ | ၇၈၇၉၄၆၈ | ၇၃၁၄၈၁၂ | ၆၉၃၄၄ |
| ၇။ | ပြင်သစ် | ၇၁၂၇၁၆၃ | ၆၉၁၆၂၄၇ | ၁၁၇၅၀၈ |
| ၈။ | အီရန် | ၅၈၇၇၄၅၆ | ၅၄၄၃၂၄၃ | ၁၂၅၅၁၉ |
| ၉။ | အာဂျင်တီးနား | ၅၂၈၁၅၈၅ | ၅၁၄၈၀၆၂ | ၁၁၅၈၅၁ |
| ၁၀။ | စပိန် | ၅၀၀၂၂၁၇ | ၄၈၅၆၆၆၉ | ၈၇၁၈၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၄၁၀၉၀ | ၄၀၈၄၈၃၁ | ၁၄၃၂၇၀ |
| ၂။ | ဖိလစ်ပိုင် | ၂၇၆၅၆၇၂ | ၂၆၆၉၉၅၃ | ၄၂၀၇၇ |
| ၃။ | မလေးရှား | ၂၄၃၆၄၉၈ | ၂၃၃၄၇၈၃ | ၂၈၄၉၂ |
| ၄။ | ထိုင်း | ၁၈၆၆၈၆၃ | ၁၇၄၉၈၄၈ | ၁၈၈၆၅ |
| ၅။ | ဗီယက်နမ် | ၈၉၆၁၇၄ | ၈၁၀၂၉၀ | ၂၁၈၀၂ |
| ၆။ | မြန်မာ | ၄၉၅၈၉၈ | ၄၆၀၂၂၄ | ၁၈၅၈၂ |
| ၇။ | စင်ကာပူ | ၁၇၅၈၁၈ | ၁၄၅၅၅၂ | ၃၂၉ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၈၀၀၀ | ၁၁၃၅၂၇ | ၂၇၅၁ |
| ၉။ | လာအို | ၃၇၀၁၈ | ၃၀၀၅၃ | ၅၆ |
| ၁၀။ | ဘရူနိုင်း | ၁၂၅၉၅ | ၁၀၀၄၇ | ၈၂ |

# အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်နှစ်အတွင်း သဘာဝဘေးကြောင့် အမေရိကန်ဒေါ်လာ ၈၇ ဘီလီယံဆုံးရှုံးခဲ့

**နယူးဒေလီ အောက်တိုဘာ ၂၆**

အိန္ဒိယနိုင်ငံသည် လွန်ခဲ့သည့်နှစ်အတွင်း အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှု ရေကြီးရေလျှံမှုနှင့် မိုးခေါင်မှုများကဲ့သို့သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားခဲ့ခြင်းကြောင့် အမေရိကန်ဒေါ်လာ ၈၇ ဘီလီယံ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့က ယနေ့တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

၂၀၂၀ ပြည့်နှစ်အတွင်း တောင်အာရှနှင့် အရှေ့အာရှရှိ လူဦးရေထူထပ်သည့် ဒေသများတွင် ပြင်းထန်သည့်ဆိုင်ကလုန်းမုန်တိုင်းများ၊ မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဂျပန်၊ ပါကစ္စတန်၊ နီပေါနှင့် ဗီယက်နမ်နိုင်ငံများ၌ လူဦးရေသန်းပေါင်းများစွာအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့၏ ထုတ်ပြန်ချက်အရ လွန်ခဲ့သည့်နှစ်အတွင်း သဘာဝဘေးကြောင့် တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၃၈ ဘီလီယံဆုံးရှုံးခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ ၈၇ ဘီလီယံဆုံးရှုံးခဲ့ကြောင်းနှင့် ဂျပန်နိုင်ငံသည်အမေရိကန်ဒေါ်လာ ၈၃ ဘီလီယံဆုံးရှုံးခဲ့ကြောင်း သိရသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့၏ အဆိုပါထုတ်ပြန်ချက်သည် စကော့တလန်နိုင်ငံ ဂလက်စဂိုးမြို့၌ ကျင်းပမည့် ကုလသမဂ္ဂဦးဆောင်သည့် COP26 ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေးမကျင်းပမီ ရက်ပိုင်းအလိုတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





## ဂျပန်နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်

**တိုကျို အောက်တိုဘာ ၂၆**

ဂျပန်နိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း ဂျပန်နိုင်ငံအစိုးရက ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအစိုးရတာဝန်ရှိသူများ၏ ပြောကြားချက်အရ နိုင်ငံလူဦးရေ၏ ၈၈ ဒသမ ၈ သန်းနီးပါး သို့မဟုတ် ၇၀ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၉၇ ဒသမ ၂ သန်းခန့်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဂျပန်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၈၆ သန်းခန့် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရသည် နိုဝင်ဘာလအစောပိုင်းကာလအတွင်း နိုင်ငံသားတိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးဖြစ်ရန် ရည်ရွယ်ထားကြောင်းလည်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

## အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅ ဒသမ ၈၆ သန်းကျော်ရှိလာ

**တီဟီရန် အောက်တိုဘာ ၂၆**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၇၅၁၆ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူစုစုပေါင်း ၅၈၆၈၃၆၀ ရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၄၀ ရှိခြင်းကြောင့် လက်ရှိတွင် သေဆုံးသူစုစုပေါင်း ၁၂၅၃၆၃ ဦး ရှိလာကြောင်း သိရသည်။

အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၅၄၂၉၉၈၂ ရှိလာကြောင်းနှင့် အထူးကြပ်မတ် ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူစုစုပေါင်း ၄၂၅၆ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူ စုစုပေါင်း ၅၁၁၅၈၈၅၈ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးသူ စုစုပေါင်း ၃၀၁၃၉၄၀၀ ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## COVAX အစီအစဉ်မှတစ်ဆင့် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ကိုလံဘီယာထပ်မံရရှိ

**ဘိုဂိုတာ အောက်တိုဘာ ၂၆**

ကိုလံဘီယာနိုင်ငံသည် တရုတ်နိုင်ငံ၏ ဆေးဝါးကုမ္ပဏီဖြစ်သည့် Sinovac Biotech ကုမ္ပဏီမှ ထုတ်လုပ်သော Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထပ်မံလက်ခံရရှိခဲ့ကြောင်း ကိုလံဘီယာကျန်းမာရေးနှင့် လူမှုကာကွယ်ရေးဝန်ကြီးက ယနေ့ကြေညာသည်။

အဆိုပါ ကာကွယ်ဆေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဦးဆောင်သော COVAX အစီအစဉ်မှတစ်ဆင့် ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ထပ်မံပြောကြားသည်။

ထို့အပြင် ကိုလံဘီယာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၄၅၈၇၉၆၀၇ ခန့်သုံးစွဲခဲ့ပြီးဖြစ်ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ကိုလံဘီယာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၉၉၁၀၅၀ ရှိပြီး ၎င်းတို့အနက် ၁၂၇၀၆၇ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



## စပိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ငါးသန်းကျော်ရှိလာ

**မက်ဒရစ် အောက်တိုဘာ ၂၆**

စပိန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၈၅ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၅၀၀၂၂၁၇ ဦးရှိလာကြောင်း စပိန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

ထို့ပြင် စပိန်နိုင်ငံ၌ အောက်တိုဘာ ၂၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၄ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၈၇၁၈၆ ဦး ရှိလာကြောင်း စပိန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

လက်ရှိတွင် စပိန်နိုင်ငံကျန်းမာရေးစင်တာများသည် အသက် ၇၀ နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံပေးရေး စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပိန်ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ နိုင်ငံလူဦးရေ၏ ၇၈ ဒသမ ၅ ရာခိုင်နှုန်း သို့မဟုတ် လူဦးရေ ၃၇ ဒသမ ၂ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ကမ္ဘောဒီးယားနိုင်ငံ ထပ်မံလက်ခံရရှိ

**ဖနောင်ပင် အောက်တိုဘာ ၂၆**

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံ Sinovac Biotech ဆေးဝါးကုမ္ပဏီက ထုတ်လုပ်သည့် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ထပ်မံလက်ခံရရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ၏ ကျန်းမာရေးနှင့် လူမှုကာကွယ်ရေးဝန်ကြီးဌာနက ယမန်နေ့တွင် ကြေညာသည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဖြန့်ဖြူးရေးအစီအစဉ် COVAX ထံမှတစ်ဆင့် လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ၏ ကျန်းမာရေးနှင့် လူမှုကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၄၅၈၇၉၆၀၇ လုံးအထိ အသုံးပြုပြီးဖြစ်ကြောင်းလည်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၉၉၁၀၅၀ ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၂၇၀၆၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

■

# အိန္ဒိယနိုင်ငံ၌ ၂၃၈ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု အနိမ့်ဆုံးသို့ ကျဆင်း

**နယူးဒေလီ အောက်တိုဘာ ၂၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၄၂၈ ဦး ရှိခြင်းကြောင့် ၂၃၈ ရက်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၄၂၀၂၂၀၂ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၅၆ ဦး ထပ်တိုးလာခြင်းကြောင့် သေဆုံးသူ စုစုပေါင်း ၄၅၅၀၆၈ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအများဆုံးမှာ ကီရာလာပြည်နယ်ဖြစ်ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကီရာလာပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၈၁ ဦးရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၆၃၈၁၆ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံ အသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၅၉၅၁ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၃၅၈၃၃၁၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ဂျပန်နိုင်ငံ၌ ယခုနှစ်ကုန်တွင် ကိုဗစ်-၁၉ရောဂါ သောက်ဆေးများ ထုတ်လုပ်မည်

**တိုကျို အောက်တိုဘာ ၂၆**

ဂျပန်နိုင်ငံ၌ ယခုနှစ်ကုန်တွင် ကိုဗစ်-၁၉ရောဂါ သောက်ဆေးများ ထုတ်လုပ်နိုင်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ရန် ကျန်းမာရေးတာဝန်ရှိသူများအား ဝန်ကြီးချုပ် ကီရှီဒါက ယနေ့ပြောကြားသည်။

ဝန်ကြီးချုပ် ဖူမိယိုကီရှီဒါသည် ကျန်းမာရေးဝန်ကြီး ဂိုတိုရှီဂီယူကီအား ယနေ့တွေ့ဆုံပြီး အဆိုပါ ကိုဗစ်-၁၉ရောဂါ သောက်ဆေးများ ယခုနှစ်ကုန်၌ နိုင်ငံအတွင်း ထုတ်လုပ်နိုင်ရန် ညွှန်ကြားခဲ့သည်။

ဂျပန်နိုင်ငံအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါသောက်ဆေးများ ထုတ်လုပ်နိုင်ရေးအတွက် ဆေးဝါးဆိုင်ရာ စမ်းသပ်မှုများအား ငွေကြေး ထောက်ပံ့ပေးခြင်းအပါအဝင် လိုအပ်သော ထောက်ပံ့မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဂိုတို ရှီဂီယူကီက ပြောကြားသည်။

၎င်းဆေးဝါးများအား အသုံးပြုပြီး ကုသပေးနိုင်ခြင်းကို နိုင်ငံသားများအား သိရှိစေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဟု ၎င်းက ပြောကြားသည်။ ယခုလက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ သွေးကြောထဲသို့ ရောဂါခုခံနိုင်စွမ်းအား မြှင့်တက်စေသော ဆေးဝါးသွင်းပြီး ကုသသည့်နည်းစနစ်ကို ဆရာဝန်များ၏ အကြံပြုချက်ရယူပြီး ကုသပေးလျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**





# နယူးဇီလန်နိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၉ ဦး ထပ်မံတွေ့ရှိ

**ဝယ်လင်တန် အောက်တိုဘာ ၂၆**

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၉ ဦးကို တွေ့ရှိရသဖြင့် နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၂၇၅၉ ဦးရှိလာကြောင်း သိရသည်။

နိုင်ငံ၏ အကြီးဆုံးမြို့တော်ဖြစ်သော အောက်ကလန်နှင့် ဝီကာတိုမြို့တို့၌ အဆိုပါဗိုင်းရပ်စ် ကူးစက်ခံရသူ ၇၅ ဦးကို တွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက်မှ ၃၇ ဦးသည် ဆေးရုံများ၌ ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

မကြာသေးမီက နယ်စပ်ဒေသမှ ပြန်လည်ရောက်ရှိလာသူ တစ်ဦးတွင်လည်း ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသည်ကို တွေ့ရှိရပြီး ၎င်းအား အောက်ကလန်မြို့၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးသန့်ခွဲထားစောင့်ကြည့်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၄၄၆ ဦးရှိ

**မော်စကို အောက်တိုဘာ ၂၆**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၄၄၆ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူစုစုပေါင်း ၈၃၁၆၀၁၉ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

**သေဆုံးသူစုစုပေါင်း ၂၃၂၇၇၅ ဦးရှိ**

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၀၆ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် သေဆုံးသူ စုစုပေါင်း ၂၃၂၇၇၅ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၆၉၇၃ ဦး ထပ်မံတွေ့ရှိ ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူစုစုပေါင်း ၇၂၃၅၈၄ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၀၇၄ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၇၈၀၇၈၁ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ တရားဝင်အချက်အလက်များအရ ရုရှားနိုင်ငံသား ၅၃ ဒသမ ၅ သန်းခန့်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ သန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

■


**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၄၄၉၇၃၃၄၇ ဦး |
| သေဆုံးသူ | ၄၉၇၃၅၀၀ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၂၂၀၇၅၃၉၆ ဦး |

○ ကျောဖုံးမှ

သဲဖြူကွင်းကျေးရွာ၌ **သူသူအောင်ငြိမ်း**(၃၅)နှစ်ကိုလည်းကောင်း၊ ဇလွန်မြို့ လမ်းမတော်မြောက်ရပ်ကွက် ပုပ္ပါးလမ်း၌ **သန့်ဇော်**(၄၇)နှစ်ကို လည်းကောင်း၊ ဇလွန်မြို့ လမ်းမတော်မြောက်ရပ်ကွက် ပိတောက်(၅)လမ်း၌ **ဇာနည်စုနိုင်**(၃၂) နှစ်ကိုလည်းကောင်း၊ ဟင်္သာတမြို့နယ် ရဲကွင်းကျေးရွာ၌ **ဇင်မာဝင်း (ခ)ဇင်မာ**ကိုလည်းကောင်း၊ လဟာကျော်ကျေးရွာ၌ **အိအိမွန်**ကို လက်လုပ်သေနတ် နှစ်လက်၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

# ဟင်္သာတခရိုင်အတွင်းရှိ မြို့နယ်များမှ PDF အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား




## သိမ်းဆည်းရမိ

တရားခံ သန့်ဇင်၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၉ ရက်တွင် **အောင်ဇော်ဦး**(၃၈)နှစ်ကို ကြခင်းမြို့နယ် ကလို့ကွင်းကျေးရွာ၌ ဖမ်းဆီးရမိခဲ့ပြီး တရားခံ အောင်ဇော်ဦး၏ ထွက်ဆိုချက်အရ ကြခင်းမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာအနီး၌ လက်နက်/ခဲယမ်းများ ဝှက်ထားကြောင်း သိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့က သွားရောက်ရှင်းလင်းခဲ့ရာ MK-12 ၁၁ လက်၊ M-22 ရှစ်လက်၊ M-16 သုံးလက်၊ ၅.၅၆ ကျည် ၃၄၈ တောင့်၊ ၇.၆၂ ကျည် ၁၃၀၊ AK-47 ကျည် ၆၀၀၊ ပြောင်းချောကျည် ၁၁၂၀၊ နင်းမိုင်းအသေး သုံးလုံး၊ နင်းမိုင်းအကြီး (ယမ်းမပါ) တစ်လုံး၊ ရှေ့ထွက်မိုင်း နှစ်လုံး၊ ကျည်အိမ်မျိုးစုံ ၄၂ ခု၊ MK-12 ပြောင်း(အပို) ၂၁ ချောင်း၊ MK-12 လက်ကိုင် သုံးခု၊ ယမ်းထုပ် လေးထုပ်၊ ဆက်စပ်ပစ္စည်းမျိုးစုံ ၂၇ ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံ အောင်ဇော်ဦး၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၀ ရက်တွင် ကြခင်းမြို့နယ် အိုးဖိုကုန်းကျေးရွာ၌ **ပိုင်ဇင်ဖြိုး(ခ)ပိုင်ကြီး(၁၉)နှစ်** ကိုလည်းကောင်း၊ သစ်ဆိမ့်ကုန်းကျေးရွာ၌ **ဟိန်းထက်ကျော်(ခ)ဖိုးလပြည့်(၁၆)နှစ်**ကို လည်းကောင်း၊ တရားခံဝင်းနိုင်၏ ထွက်ဆိုချက်အရ အင်္ဂပူမြို့နယ် ရေကျော်ကျေးရွာ၌ **ချစ်ကိုကို(ခ)ချစ်ကို(၃၈)နှစ်** ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

## ထပ်မံဖမ်းဆီးရမိ

တရားခံ ဇာနည်စုနိုင်၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၁ ရက်တွင် ဇလွန်မြို့ ညောင်ပင်ဈေးရပ်ကွက်၌ **ဥမ္မာငြိမ်းချမ်းဦး(၃၈)နှစ်**ကို လည်းကောင်း၊ လမ်းမတော်တောင်ရပ်ကွက်၌ **သီဟထွန်း(၃၁)နှစ်**ကိုလည်းကောင်း၊ ဇလွန်မြို့နယ် နံ့ကုလားကျေးရွာ၌ **ဝေဝေအောင်(၃၀)နှစ်**ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ဝင်းနိုင်၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၁ ရက်တွင် အင်္ဂပူမြို့ (၃)ရပ်ကွက်၌ **ငွေးဝင်း(၅၆)နှစ်**ကိုလည်းကောင်း၊ ဇေယျကွက်သစ်ရပ်ကွက်၌ **လှသိန်း(၆၇)နှစ်**ကိုလည်းကောင်း၊ အင်္ဂပူမြို့နယ် အောင်ရွာကြီးကျေးရွာ၌ **မြတ်စံ(၅၂)နှစ်**နှင့် **ဖိုးသာအောင်(၆၅)နှစ်**တို့ကို လည်းကောင်း၊ မကျီးစုကျေးရွာ၌ **မြင့်စိုး(၅၇)နှစ်**ကိုလည်းကောင်း၊ မဲဇလီစုကျေးရွာ၌ **ဇော်မင်း(၄၈)နှစ်၊ သောင်းလင်း(၃၃)နှစ်၊ ကောင်းမြတ်ထက်(၃၀)နှစ်**နှင့် **မြင့်မြင့်ဝင်း(၃၇)နှစ်**တို့ကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ဝေဝေအောင်၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၂ ရက်တွင် ဇာနည်စုနိုင် ပေးအပ်ထားသော လက်လုပ်မိုင်း ငါးလုံးအား ဝေဝေအောင်၏ နေအိမ်မှ သိမ်းဆည်းရမိခဲ့သည်။

## ဖမ်းဆီးရမိ

တရားခံ အောင်ဇော်ဦး၏ ထွက်ဆိုချက်အရ ဆက်စပ်တရားခံများ အင်္ဂပူမြို့နယ် ဘုန်းကြီးစပ်ကျေးရွာရှိ တောင်ယာတဲတစ်လုံး၌ တည်းခိုခဲ့ကြောင်း သိရှိရသည့်အတွက် သွားရောက်ရှာဖွေခဲ့ရာ အောက်တိုဘာ ၁၀ ရက်တွင် **နိုင်လင်းအောင်(၃၂)နှစ်**နှင့် **ယွန်းအိအိအောင်(ခ)ယွန်းယွန်း (၂၁)နှစ်**တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ အောင်ဇော်ဦး၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၆ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့မှ **ကောင်းခန့်ကျော်**(၂၅)နှစ်နှင့် **လင်းသိုက်အောင်(ခ)လင်းသိုက်** (၂၃)နှစ်တို့နှစ်ဦးကို မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီးတွင် **၉ မမပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၉ မမကျည် သုံးတောင့်**တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံ **ကျား ၂၁ ဦး၊ မ ၈ ဦး ပေါင်း ၂၉ ဦး၊ MK-12 ၁၁ လက်၊ M-22 ရှစ်လက်၊ M-16 သုံးလက်၊ ပစ္စတို တစ်လက်၊ လက်လုပ်သေနတ် နှစ်လက်၊** ကျည်မျိုးစုံ ၂၁၀၃ တောင့်၊ နင်းမိုင်းအသေး သုံးလုံး၊ နင်းမိုင်းအကြီး (ယမ်းမပါ) တစ်လုံး၊ ရှေ့ထွက်မိုင်း နှစ်လုံး၊ လက်လုပ်မိုင်း တစ်လုံး၊ ကျည်အိမ်မျိုးစုံ ၄၃ ခု၊ MK-12 လက်ကိုင် သုံးခု၊ MK-12 ပြောင်း(အပို) ၁၁ ချောင်း၊ ဆက်စပ်ပစ္စည်းမျိုးစုံ ၂၇ ခုတို့အား သိမ်းဆည်းရမိခဲ့သည်။

## ဖော်ထုတ်သိရှိရ

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ဝင်းနိုင်၊ အောင်ဇော်ဦးနှင့် လင်းသိုက်အောင်**တို့သည် KNLA တပ်မဟာ (၃)၌လည်းကောင်း၊ **ကောင်းခန့်ကျော်**သည် မြဝတီမြို့နယ် လေးကေ့ကော်အနီး KNLA တပ်မဟာ(၆)တွင်လည်းကောင်း ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ကြောင်း၊ KNLA တပ်မဟာ(၆)တွင် သင်တန်းတက်ရောက်ခဲ့သည့် ဖမ်းဆီးရန်ကျန်တရားခံ **ကိုတောက်နှင့် တာတေ**တို့က ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဆိပ်သာတောအတွင်း ဖောက်ခွဲဖျက်ဆီးရေး ဆင့်ပွားသင်တန်းကို သင်ကြားပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ အောင်ဇော်ဦး၏ ထွက်ဆိုချက်အရ ဇူလိုင်လတွင် စင်ကာပူနိုင်ငံနေ ဖမ်းဆီးရန်ကျန် တရားခံ **စိုးထွန်း**၏ ချိတ်ဆက်ပေးမှုမှတစ်ဆင့် NUG မှ ဖမ်းဆီးရန် ကျန်တရားခံ **ရည်မွန်**နှင့် အဆက်အသွယ်ရရှိခဲ့ပြီး **ရည်မွန်**က အောင်ဇော်ဦးအား ဟင်္သာတခရိုင်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ဟင်္သာတခရိုင် (SPECIAL TASK FORCE) တာဝန်ခံအဖြစ် တာဝန်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။ တရားခံ ဇာနည်စုနိုင်၏ ထွက်ဆိုချက်အရ ရန်ကုန်မြို့တွင် တိမ်းရှောင်နေထိုင်လျက်ရှိသော ဇလွန်မြို့နယ် **NLD ပါတီ**မှ ဖမ်းဆီးရန်ကျန် တရားခံ **ဝိုင်းမောင်စိုး(ခ)ဝကြီး**ထံမှ ဒီတိုနေတာ ၆၀ အား ဇလွန်မြို့နယ်အတွင်း ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် သွားရောက်ယူဆောင်ခဲ့ပြီး ဖမ်းဆီးရန်ကျန် တရားခံ **စည်သူအောင်**ထံတွင် သိမ်းဆည်းထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

## ပို့ဆောင်ခဲ့

တရားခံ အောင်ဇော်ဦး၏ ထွက်ဆိုချက်အရ ဩဂုတ် ၈ ရက်တွင် KNLA တပ်မဟာ(၆)၌ ပုန်းခိုနေသော ဖမ်းဆီးရန်ကျန်တရားခံ **ကိုကြည်**က ပြည်မြို့အထွက်သို့ လက်နက်/ခဲယမ်းများ တင်ဆောင်လာသည့် ဟိုင်းလတ်ယာဉ်အား ဖမ်းဆီးရန် ကျန်တရားခံ **ရေခဲ** အား ချိတ်ဆက်ပို့ဆောင်စေခဲ့ရာ ဖမ်းဆီးရန်ကျန် တရားခံ **ကိုတောက်**နှင့် **တာတေ**တို့က သွားရောက်ယူဆောင်ခဲ့ပြီး ဆိပ်သာရွာအနီးရှိ တောအတွင်းသို့ ပို့ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁ ရက်တွင် **ကောင်းခန့်ကျော်**က မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာတွင် အပြစ်မဲ့ပြည်သူ ဦးဝင်းညွန့်အောင် (၃၆)နှစ်အား ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး အောက်တိုဘာ ၄ ရက်တွင် ဟင်္သာတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့နှင့် အထက(၁)ကျောင်းဘေးတို့တွင် လက်လုပ်ဗုံးသုံးလုံးအား ဖောက်ခွဲခဲ့သည့် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ ရည်မွန်အနေဖြင့် ဇလွန်မြို့နယ် NLD ပါတီမှ **ဝိုင်းမောင်စိုး(ခ)ဝကြီး**မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူလူထုအား အကြောက်တရားဖြင့် ထိန်းချုပ်နိုင်ရေးအတွက် ခရိုင်အလိုက် အကြမ်းဖက်အဖွဲ့အစည်းများဖွဲ့စည်း၍ ဆောင်ရွက်ခိုင်းစေထားကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်က အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများကို ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးနှံပေးခြင်း ဆောင်ရွက်ပေးနေတဲ့အချိန်မှာ အလှည့်ကျရရှိလာတဲ့ ကာကွယ်ဆေးကို သွားရောက်ပြီး ထိုးနှံခြင်း မပျက်မကွက်ခံယူသင့်ပါတယ်

ဒေါက်တာသန်းနိုင်စိုး

**အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေးနေသည့် စီမံချက် လုပ်ငန်းနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးကို တွေ့ဆုံမေးမြန်းခဲ့သည်။**

**ထက်လျှံ**

မေး။ ။ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူတွေကို ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံပေးရတဲ့ရည်ရွယ်ချက်ကို ပြောကြားပေးပါဦး။

ဖြေ။ ။ အသက် ၁၂ နှစ်ပြည့်ပြီးတဲ့ ကလေးတွေကို ကာကွယ်ဆေး ထိုးနှံပေးရေးလုပ်ငန်းကို လက်ရှိ နေပြည်တော်မှာ စတင်ဆောင်ရွက်နေပါတယ်။ နိုင်ငံတကာမှာ ကျောင်းတွေပြန်ဖွင့်တဲ့အခါ ကျောင်းသားတွေအကြား အစုလိုက်အပြုံလိုက် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် ကျောင်းတွေ ပြန်ပိတ်ရတာ၊ ကျောင်းသား ကျောင်းသူတွေမှာ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားရင် အနီးကပ်ထိစပ်တဲ့သူတွေ၊ ဆရာ ဆရာမတွေ ကွာရန်တင်းဝင်ရတာတွေကြောင့် ပညာရေးနဲ့ပတ်သက်ပြီး အဟန့်အတား ဖြစ်ရတာတွေ လျော့နည်းဖို့ရည်ရွယ်ချက်တွေနဲ့ဆောင်ရွက်တာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အသက် ၁၂ နှစ်နှင့် အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းတွေက ကျောင်းသား ကျောင်းသူတွေကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေးနေတဲ့ စီမံချက်ရဲ့ ရည်ရွယ်ချက်တွေက (၁) အခြေခံပညာ အလယ်တန်းနဲ့ အထက်တန်းကျောင်းသား ကျောင်းသူတွေကို ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေး ထိုးပေးခြင်းဖြင့် ကျောင်းသားကျောင်းသူတွေရဲ့ ပညာ သင်ယူမှု အခွင့်အလမ်းတွေရရှိစေဖို့၊ (၂) အခြေခံပညာကျောင်းသား ကျောင်းသူတွေမှာ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားသေဆုံးမှုကို လျှော့ချဖို့၊ (၃) ကျောင်းသား ကျောင်းသူတွေကတစ်ဆင့် မိသားစုနဲ့ ပတ်ဝန်းကျင်ကို ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို တားဆီးဖို့ဖြစ်ပါတယ်။

မေး။ ။ အခြေခံပညာ အလယ်တန်းနဲ့ အထက်တန်း ကျောင်းသား ကျောင်းသူဦးရေအရေအတွက် ဘယ်လောက်ကို ကာကွယ်ဆေးထိုးနှံပေးရေး ဆောင်ရွက်သွားမယ်ဆိုတာကို သိရှိလိုပါတယ်။

ဖြေ။ ။ တစ်နိုင်ငံလုံးအနေနဲ့ စီမံချက် ရည်မှန်းချက်က ကျောင်းသား ကျောင်းသူဦးရေ တစ်သန်းရှိပါတယ်။ အဓိက ကျောင်းတကယ်တက်တဲ့ ကျောင်းသား ကျောင်းသူတွေကို ဦးစား ပေးပြီး ထိုးနှံပေးမှာဖြစ်ပါတယ်။ ဒီအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းတဲ့ Sinovac ကာကွယ်ဆေး တစ်သန်း doses စတင်ရောက်ရှိနေပြီး နောက်ထပ်လည်း ထပ်မံရောက်ရှိမှာ ဖြစ်ပါတယ်။ အဓိကအချက်က အသက် ၁၂ နှစ်ပြည့်ပြီးဖို့ လိုပါတယ်။ ကျောင်းမှာ အမှန်တကယ် တက်ရောက်တဲ့ ကျောင်းသား ကျောင်းသူဖြစ်ရမယ်။ ဒီလို အခြေခံပညာအလယ်တန်း၊ အထက်တန်း ကလေးတွေကို ဦးစားပေးပြီး ထိုးနှံပေး သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ပညာရေး ဝန်ကြီးဌာန အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းတွေမှာ စာရင်းရှိ၊ ကျောင်းအပ်နှံ၊ အမှန်တကယ်တက်ရောက် ဆိုပြီး ကျောင်းသားကျောင်းသူစာရင်းတွေ ရှိတဲ့နေရာမှာ အမှန်တကယ်တက်ရောက် တဲ့စာရင်းမှာပါတဲ့ ကျောင်းသား ကျောင်းသူတွေကို ဦးစားပေးထိုးနှံပေးမှာ ဖြစ်ပါတယ်။


လက်ပံတန်းမြို့နယ်
ဝင့်နန္ဒာဌေး(ပြန်/ဆက်)

ကျန်စာရင်းတွေထဲမှာ ပါသူတွေ အထဲက ကျောင်းကို အမှန်တကယ် တက်ရောက်လာတဲ့ ကျောင်းသား ကျောင်းသူတွေကို ကျောင်းတွေပြန်ဖွင့်တဲ့ အချိန်မှာ ဆက်လက်ထိုးနှံပေးမှာ ဖြစ်ပါ တယ်။ အကြောင်းအမျိုးမျိုးကြောင့် အသက် ၁၂ နှစ်မှ ၁၈ နှစ်အကြား ရှိပြီး အခြေခံပညာအလယ်တန်း၊ အထက် တန်း ကျောင်းသား ကျောင်းသူ မဟုတ်သူ တွေ၊ ကျောင်းကို အမှန်တကယ် တက်ရောက်ခြင်းမရှိသူတွေအနေနဲ့ ယခု စီမံချက်မှာ ပါဝင်ခြင်းမရှိပေမယ့် ကာကွယ်ဆေးလွှမ်းခြုံမှုတွေ တစ်နိုင်ငံ လုံး မြင့်မားစွာရရှိလာတဲ့အခါ ဦးစားပေး အစီအစဉ်အလိုက် ကာကွယ်ဆေးရရှိမှု အပေါ်မူတည်ပြီး နိုင်ငံတော်က ထိုးနှံပေး တဲ့အခါ ပါဝင်လာမှာဖြစ်ပါတယ်။

မေး။ ။ ကာကွယ်ဆေးထိုးခါနီး မိဘ အုပ်ထိန်းသူတွေ၊ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဘာတွေသိရှိ ထားပြီး ကြိုတင်ဆောင်ရွက်ရမယ်ဆိုတာ ကိုလည်း ပြောကြားပေးပါဦး။

ဖြေ။ ။ ကျောင်းအလိုက် ပညာရေး ဝန်ကြီးဌာနမှ ဆရာ ဆရာမ တွေက ဘယ်ကျောင်းသား ကျောင်းသူက ဖြင့် စာရင်းရှိ၊ ကျောင်းအပ်နှံ၊ အမှန် တကယ်တက်ရောက်ဆိုပြီး သိတဲ့အတွက် ကြောင့် ဒီဆရာ ဆရာမတွေကနေတစ်ဆင့် သက်ဆိုင်ရာမိဘတွေကို အကြောင်းကြား ပေးပြီး မိဘအုပ်ထိန်းသူရဲ့ သဘောတူညီ ချက်နဲ့ ကာကွယ်ဆေးထိုးစုရပ်တွေမှာ ကာကွယ်ဆေး ထိုးနှံနိုင်အောင် စီစဉ်ပေး တာဖြစ်ပါတယ်။ မိဘတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံခြင်း ခံယူမယ့်ကလေး ကို အိပ်ရေးမပျက်စေဖို့၊ အာဟာရပြည့်ဝ စေဖို့ စတဲ့အခြေခံကိုယ်ခံအား ကောင်းစေ တဲ့အချက်တွေကို ကြိုတင်ဆောင်ရွက် ပေးထားဖို့ လိုပါတယ်။ အသက် ၁၂ နှစ်မှ ၁၈ နှစ်ကြားအရွယ်တွေဆိုတော့ မိဘအုပ်ထိန်းသူရဲ့ သဘောတူညီချက်ပါမှ ထိုးနှံပေးမှာဖြစ်ပါတယ်။

ဒီစီမံချက်အရ ကာကွယ်ဆေးထိုးနှံ ပေးခြင်း လုံးဝမပြုမယ့်ကလေးတွေက အသက် ၁၂ နှစ်မပြည့်သေးတဲ့ ကလေး တွေနဲ့ လတ်တလောဖျားနာနေတဲ့ ကလေးတွေနဲ့ ကိုဗစ် – ၁၉ သံသယ လက္ခဏာတွေ ခံစားနေရတဲ့ ကျောင်းသား ကျောင်းသူတွေဖြစ်ပါတယ်။

ကာကွယ်ဆေး ထိုးနှံပေးနိုင်ဖို့အတွက် ကျွမ်းကျင်တဲ့သမားတော်၊ ကျန်းမာရေး ဝန်ထမ်းတွေနဲ့ တိုင်ပင်ဆွေးနွေးပြီးမှသာ ၎င်းတို့၏အကြံပြုချက်အတိုင်း ကာကွယ် ဆေးထိုးနှံပေးရမယ့် ကျောင်းသား ကျောင်းသူတွေရှိပါတယ်။ သူတို့က ဆေး တစ်ခုခုနဲ့ ဓာတ်မတည့်တဲ့ ရောဂါအခံ ရှိသူတွေ၊ အတက်ရောဂါစတဲ့ ဦးနှောက် အာရုံကြောဆိုင်ရာ ရောဂါတစ်ခုခုရှိသူတွေ နဲ့ မိသားစုဝင်တွေမှာ ထိုရောဂါရှိတဲ့ ကျောင်းသား ကျောင်းသူတွေ၊ သွေးဥမွှား လျော့နည်းသူတွေ၊ သွေးမတိတ်ရောဂါ ရှိသူတွေနဲ့ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါနဲ့ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါစတဲ့ အခြား ရောဂါအခံရှိသူတွေဖြစ်ပါတယ်။

မေး။ ။ ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးပြီးရင် ဘယ်လိုနေထိုင် ဆောင်ရွက်ရမယ်ဆိုတာကို သိရှိလိုပါတယ်။

ဖြေ။ ။ အဓိက ကာကွယ်ဆေးတိုင်းမှာ သာမန်နဲ့ပြင်းထန်နောက်ဆက် တွဲရောဂါတွေ ရှိနိုင်ပါတယ်။ အခုထိုးနှံပေး နေတဲ့ Sinovac ကာကွယ်ဆေးဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ၆၃ သန်း doses ထိုးနှံပေးပြီးပါပြီ။ အာဆီယံ နိုင်ငံတွေအပါအဝင် နိုင်ငံတော်တော် များများမှာ ထိုးနှံပေးလျက်ရှိပြီး မကြာခင် က လာအိုနိုင်ငံမှာ ထိုးနှံပေးလျက်ရှိ ပါတယ်။ မလေးရှားဆိုရင် ဒီအရွယ် တွေမှာ ထိုးနှံပေးနိုင်ဖို့ Sinovac ကာကွယ်ဆေးကို မကြာခင်က ခွင့်ပြုချက် ပေးလိုက်ပါတယ်။ Sinovac ကာကွယ် ဆေးရဲ့သဘောက Inactivated Virus ပါဝင်တဲ့ ကာကွယ်ဆေးအမျိုးအစားဖြစ်ပါ တယ်။ ဗိုင်းရပ်စ်က ဆက်ပြီးမပွားနိုင်တာ ဖြစ်ပါတယ်။

ဒါပေမယ့် ဗိုင်းရပ်စ်ရဲ့ဂုဏ်သတ္တိ (antigen) ပါတယ်။ ဒါကို ထိုးနှံပေးလိုက် တဲ့အခါ ခန္ဓာကိုယ်က ဒီဂုဏ်သတ္တိ (antigen)ကို မှတ်မိသွားပြီး သူ့ကို တုံ့ပြန်နိုင်တဲ့ ပဋိပစ္စည်းတွေ ထွက်လာ အောင် လှုံ့ဆော်ပေးပါတယ်။ ဒီသဘော ဖြစ်တဲ့အတွက် Sinovac လို ကာကွယ် ဆေးတွေကြောင့် ဘေးထွက်ဆိုးကျိုး ပြင်းပြင်းထန်ထန်ဖြစ်ပွားတာ၊ ဘေးထွက် ဆိုးကျိုးအနေနဲ့ နောက်ဆက်တွဲရောဂါ ဖြစ်တာတွေ အင်မတန်မှနည်းပါတယ်။ ဒါကြောင့် ကာကွယ်ဆေးအုပ်စုအမျိုးမျိုး၊ နည်းပညာအမျိုးမျိုး ထွက်တဲ့အထဲမှာ Sinovac အပါအဝင် Inactivated Virus ပါဝင်တဲ့ ကာကွယ်ဆေးအမျိုးအစားတွေ က ပိုမိုစိတ်ချရတဲ့အုပ်စုထဲမှာ ပါဝင်ပါ တယ်။

ဒါကြောင့် နိုင်ငံတကာမှာ ကလေး တွေကို ကာကွယ်ဆေးထိုးမယ်ဆိုရင် Sinovac ကာကွယ်ဆေးကို စဉ်းစားကြ တာဖြစ်ပါတယ်။ Sinovac မှာ ပြင်းပြင်း ထန်ထန် ဘေးထွက်ဆိုးကျိုးဖြစ်ပွားတာ မရှိဘူးလားဆိုတော့ ကာကွယ်ဆေးတွေရဲ့ သဘောတရားအရဆိုရင် ရှိနိုင်ပါတယ်။ ကလေးဦးရေတစ်သန်းမှာ တစ်ယောက် လောက်ပဲ ပြင်းပြင်းထန်ထန်ဖြစ်ပွားတဲ့ ဘေးထွက်ဆိုးကျိုးရှိတယ်လို့ သိရပါ တယ်။ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် မှာပါတဲ့ ၉ လ၊ ၁၈ လ နှစ်ခါပြန်ထိုးရတဲ့ ဝက်သက်ကာကွယ်ဆေးဆိုရင် ကလေး တိုင်းလိုလို ထိုးကြပါတယ်။ ဒီလိုထိုးတဲ့ အခါ နောက်ဆက်တွဲအနေနဲ့ ပြင်းပြင်း ထန်ထန်ဖြစ်ပွားနိုင်တဲ့နှုန်းက လူ တစ်သိန်းမှာ တစ်ဦးဖြစ်နိုင်တဲ့အတွက် Sinovac ကာကွယ်ဆေးက ဝက်သက် ကာကွယ်ဆေးထက်စာရင် အများကြီး လျော့နည်းပါတယ်။

ဒါက Sinovac ကာကွယ်ဆေးရဲ့ ဘေးထွက်ဆိုးကျိုးကို အလွန်အမင်း စိုးရိမ်စရာမလိုတဲ့အကြောင်း သိရှိထား ရမယ့်အချက်ဖြစ်ပါတယ်။ ဒါပေမဲ့ မည်သည့်ကာကွယ်ဆေးမဆို နောက်ဆက် တွဲ သာမန်လက္ခဏာတွေအနေနဲ့ ခေါင်းမူး တာ၊ ပင်ပန်းနွမ်းနယ်တာ၊ ခေါင်းကိုက် တာ၊ ပျို့တာ၊ အန်တာ၊ အရေပြားယားယံ တာ၊ အနီပြင်ထွက်တာ၊ သတိလစ်တာ၊ ဖျားတာနဲ့ ရင်ဘတ်အောင့်တာတွေ ဖြစ်နိုင်ပါတယ်။ ဒီလိုသာမန်လက္ခဏာတွေ က ပုံမှန်အားဖြင့် ဆေးထိုးပြီး ၄၈ နာရီ အတွင်းမှာ သက်သာပျောက်ကင်းသွားနိုင် တာဖြစ်ပါတယ်။

မိဘအုပ်ထိန်းသူတွေအနေနဲ့ ကြိုတင် သိရှိထားရမယ့်အချက်က ဒီလိုပြင်းပြင်း ထန်ထန် ဘေးထွက်ဆိုးကျိုးဖြစ်ပွားနိုင် တာက ဆေးထိုးပြီးမိနစ်အနည်းငယ်ကနေ နာရီဝက်အတွင်းမှာ ဖြစ်ပွားလေ့ရှိပါတယ်။ များသောအားဖြင့် ၁၅ မိနစ်အတွင်းမှာ ဖြစ်ပွားတတ်ပါတယ်။ ဒါကြောင့် ဆေးထိုး ပြီးရင် ဆေးထိုးစုရပ်က မထွက်ခွာဘဲ စိတ်ချရအောင် နာရီဝက် မဖြစ်မနေ စောင့်ဖို့လိုပါတယ်။ ဒီလိုစောင့်နေစဉ် အတွင်းမှာ တစ်ခုခုဖြစ်လာခဲ့ရင်လည်း ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်တဲ့ပြင်းထန်ဝေဒနာတွေကို ကုသပေးနိုင်တဲ့ လေ့ကျင့်သင်ကြားထား တဲ့ ကျန်းမာရေးဝန်ထမ်းတွေက လိုအပ်တဲ့ ဆေးဝါး/ ဆေးပစ္စည်းတွေ အဆင်သင့်နဲ့ စောင့်ကြပ်ကြည့်ရှုကုသပေးမှာ ဖြစ်ပါ တယ်။ ဒါကြောင့် ဆေးထိုးပြီး ဆေးထိုး စုရပ်မှာ နာရီဝက်စောင့်နေဖို့ အရေးကြီး ပါတယ်။

စာမျက်နှာ ၁၇ သို့ ❋

* စာမျက်နှာ ၁၆ မှ

**မေး။ ။ အသက် ၁၂ နှစ်နဲ့အထက် ကျောင်းသား ကျောင်းသူတွေကို ထိုးနှံပေးမယ့်အစီအစဉ်မှာ ဦးစားပေးလူအုပ်စုတွေ သတ်မှတ်ထားတာ ရှိတယ်ဆိုရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ ပထမဦးစားပေးအနေနဲ့ ပညာရေးဝန်ကြီးဌာန အခြေခံပညာ အလယ်တန်း၊ အထက်တန်းမှာ ကျောင်းတကယ်တက်ရောက်နေတဲ့ ကျောင်းသားကျောင်းသူတွေဖြစ်ပါတယ်။ ဒုတိယအနေနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေ ဖြစ်ပါတယ်။ ကျန်တဲ့ကျောင်းသားကျောင်းသူတွေကို ဦးစားပေးအစီအစဉ်၊ ကာကွယ်ဆေးရရှိမှုအပေါ် မူတည်ပြီး အဆင့်ဆင့်ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ကာကွယ်ဆေး ထိုးနှံပေးမယ့် စုရပ်၊ ကာကွယ်ဆေးထိုးနှံပေးမယ့်အဖွဲ့မှာ ပါဝင်မယ့်သူတွေနဲ့ ပတ်သက်ပြီး ပြောကြားပေးပါဦး။**

ဖြေ။ ။ ကာကွယ်ဆေး ထိုးနှံပေးမယ့် စုရပ်ပေါင်း ထောင်နဲ့ချီပြီး ရှိပါတယ်။ ဒီလိုစုရပ်တွေမှာ ပါဝင်ဆောင်ရွက်ရတဲ့သူတွေက အတော်များပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ထိန်းချုပ်တုံ့ပြန်ရေးကော်မတီဗဟိုကနေ အဆင့်ဆင့် ဦးဆောင်မှုတွေပေးပြီး နီးနွှယ်ဝန်ကြီးဌာနတွေ၊ စေတနာ့ဝန်ထမ်းတွေအားလုံး ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဆေးထိုးစုရပ်တစ်ခုမှာ အနည်းဆုံးလူ ခုနစ်ဦးပါဝင်လေ့ရှိပြီး နံပါတ် (၁) က ကာကွယ်ဆေးထိုးနှံရေး အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် ကာကွယ်ရေးဝန်ကြီးဌာနက ကျန်းမာရေးဝန်ထမ်းဖြစ်ပါတယ်။

နံပါတ် (၂) က ဆေးထိုးနှံပေးသူဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူက ဆောင်ရွက်တာဖြစ်ပါတယ်။ နံပါတ် (၃) က ဆေးထိုးနှံသူကို ကူညီသူဖြစ်ပါတယ်၊ သူကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သို့မဟုတ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းက ဖြစ်ပါတယ်။ နံပါတ် (၄) က ကာကွယ်ဆေးမထိုးနှံမီ သွေးပေါင်ချိန်တယ်၊ အောက်ဆီဂျင်တိုင်းတယ်၊ ကိုယ်အပူချိန်တိုင်းတယ် စသဖြင့် ကျန်းမာရေးစစ်ဆေးပေးပြီး ကာကွယ်ဆေးထိုးနှံရန် သင့်၊ မသင့် ဆုံးဖြတ်ပေးတဲ့သူလည်း ရှိပါတယ်။ ဒါက ကျန်းမာရေးဝန်ကြီးဌာနက ဆရာဝန် သို့မဟုတ် သူနာပြု သို့မဟုတ် ကျန်းမာရေးမှူးအဆင့် (၁) သို့မဟုတ် လက်ထောက်ကျန်းမာရေးမှူး တစ်ဦးပါဝင်မှာဖြစ်ပါတယ်။

နံပါတ် (၅) က ကာကွယ်ဆေးထိုးနှံမယ့်သူတွေရဲ့စာရင်းတွေကို ရေးသွင်းရသူဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနက ပါဝင်ရပါတယ်။ နံပါတ် (၆) က ဆေးထိုးနှံမယ့်သူတွေလာရင် ကြိုဆိုနေရာချထားရေး ဆောင်ရွက်မယ့်သူဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သို့မဟုတ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းက ဖြစ်ပါတယ်။

နံပါတ် (၇) က ကာကွယ်ဆေးထိုးနှံပြီး စောင့်ဆိုင်းရန်နေရာမှာ ကြီးကြပ်တဲ့သူဖြစ်ပါတယ်။ သူက ကာကွယ်ဆေးထိုးနှံခြင်း ခံယူထားသူတွေရဲ့ ကျန်းမာရေးအခြေအနေထူးခြားမှုရှိလာရင် ချက်ချင်းဆေးအဖွဲ့တွေဆီကို ပို့ဆောင်ပေးနိုင်မယ့်သူဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သို့မဟုတ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းက ဖြစ်ပါတယ်။

ဒါကြောင့် ကာကွယ်ဆေးထိုးနှံရေးအဖွဲ့တစ်ခုမှာ အဖွဲ့ဝင်တွေအများကြီး ပါဝင်ရပါတယ်။ ဝန်ကြီးဌာန တစ်ခုတည်း မဟုတ်ဘူး နီးနွှယ်ဝန်ကြီးဌာနတွေ ပါဝင်ရတယ်။ စေတနာ့ဝန်ထမ်းတွေရဲ့ ကဏ္ဍကလည်း အရေးကြီးပါတယ်။ ဆေးထိုးစုရပ်တစ်ခုဖြစ်ဖို့၊ ဒီနေရာကို ကာကွယ်ဆေးတွေ အအေးလမ်းကြောင်း မပျက် ရောက်ရှိလာအောင်၊ ဆေးထိုးအပ်အစရှိတဲ့ဆေးဝါးပစ္စည်းတွေ စနစ်တကျဖြစ်အောင်၊ စာရင်းတွေစနစ်တကျဖြစ်အောင် ဆောင်ရွက်ရတာ အတော့်ကို လက်ဝင်ပါတယ်။ အားလုံးကလည်း အချိန်နဲ့တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ရတာဖြစ်ပါတယ်။

ဒါကြောင့် ဒီလိုနိုင်ငံတော်က အသက် ၁၂ နှစ်နဲ့အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းတွေက ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းဆောင်ရွက်ပေးနေတဲ့အချိန်မှာ အလှည့်ကျရရှိလာတဲ့ ကာကွယ်ဆေးကို သွားရောက်ပြီးထိုးနှံခြင်း မပျက်မကွက်ခံယူသင့်ပါတယ်ဆိုတာကို ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

# ကိုးဆူကျေးရွာအုပ်စုရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

**ပုသိမ် အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကိုးဆူကျေးရွာအုပ်စုအတွင်း အလက ကိုးဆူနှင့် အမကလေဆိပ်တို့မှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကို ယမန်နေ့ နံနက် ၉ နာရီမှစတင်၍ ကိုဗစ်စင်တာ (၈) တာဝန်ခံဆရာမကြီး ဒေါ်မြင့်မြင့်ဝင်း အမှူးပြုသော ပုသိမ်မြို့နယ် ပညာရေးဦးစီးဌာနနှင့် ပုသိမ် မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးကြရာ အလကကိုးဆူမှ ကျောင်းသား ကျောင်းသူပေါင်း ၁၀၅ ဦးနှင့် အမကလေဆိပ်မှ ကျောင်းသား ကျောင်းသူပေါင်း ၉၀၊ ကိုးဆူကျေးရွာ စင်တာ(၈)မှ ကျောင်းသား ကျောင်းသူပေါင်း ၁၉၅ ဦးတို့အား ပထမအကြိမ် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

အဆိုပါ အသက် ၁၂ နှစ်နှင့်အထက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့်ပတ်သက်၍ ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝေသန်း၊ အတွင်းရေးမှူး ရဲမှူးတင်လှိုင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးမင်းမင်းတို့က လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးကူညီပေးကြကြောင်း သိရသည်။

**ပုသိမ်လှကြည်**




## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန

ပညာ

### ကျောင်းအုပ်ကြီးများ ကြိုတင်ဆောင်ရွက်ရမည့် သင်ကြားသင်ယူရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ ကျောင်းပြန်လည်ဖွင့်လှစ်ပါက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိပြီး ပညာသင်ကြားနိုင်ရေး မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်ရန်၊

၂။ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းလှပစေရန် ဆောင်ရွက်ခြင်း၊ ကျောင်းဆောင်များ ခိုင်ခံ့ရန်ပြုပြင်ခြင်း၊ ခြံစည်းရိုးများပြုပြင်ခြင်း၊ စာသင်ခုံနှင့် ပရိဘောဂများ ပြင်ဆင်/ ဖြည့်ဆည်းခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန်၊

၃။ ပိုးသတ်ဆေးဖျန်းခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ ရေတွင်း/ရေလှောင်ကန် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ သန့်စင်ခန်းများ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခန်းများအတွင်း လျှပ်စစ်မီးပြည့်စုံရန် ဆောင်ရွက်ခြင်း၊ လျှပ်စစ်/မီးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီစဉ်ဆောင်ရွက်ရန်၊

၄။ ကျောင်းဖွင့်ကာလ၌ ကျောင်းပျက်ကွက်သော ကျောင်းသား/သူများရှိပါက စိစစ်၍ သင်ကြား၊ သင်ယူမှုနောက်ကျခြင်း မရှိစေရေး စီစဉ်ဆောင်ရွက်ရန်၊

၅။ ကျောင်းသားများ ကျောင်းနေပျော်၍ ကျောင်းတက်မှန်ကန်စေရေး စီမံဆောင်ရွက်ရန်၊

၆။ "စဉ်ဆက်မပြတ် ဆရာ့အတတ်ပညာဖွံ့ဖြိုးတိုးတက်ရေး" လက်စွဲနှင့် မော်ဂျူးများ၊ သင်ကြားသင်ယူမှုအထောက်အကူပြုဆိုင်ရာ စာအုပ်၊ စာပေများကို ဆရာများ ဖတ်ရှုလေ့လာရေး ကြပ်မတ်ဆောင်ရွက်ရန်၊

၇။ သင်ရိုးညွှန်းတမ်းနှင့်အညီ သက်ဆိုင်ရာဘာသာရပ်များကို လေ့လာနိုင်ရေးနှင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ တီထွင်ဖန်တီးအသုံးပြုနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊

၈။ ပညာသင်ယူရေး၊ ကျန်းမာရေးနှင့် စာရိတ္တကောင်းမွန်ရေးဆိုင်ရာ ပညာပေးဆောင်ပုဒ်များ ချိတ်ဆွဲနိုင်ရေး စီမံဆောင်ရွက်ရန်၊

၉။ လိုအပ်ချက်များရှိပါက အထက်အဆင့်ဆင့်သို့ တင်ပြရန်၊

* ပရီမီယာလိဂ်မှ

တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ အခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲအရပ်ရပ် ၁၂ ပွဲကစားအပြီးမှာ သွင်းဂိုးစုစုပေါင်း ၁၅ ဂိုး သွင်းယူနိုင်ခဲ့သလို ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း ကိုးပွဲကစားပြီးချိန်မှာ သွင်းဂိုး ၁၀ ဂိုးနဲ့ ပရီမီယာလိဂ်ရဲ့ လက်ရှိဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အခုနှစ်အစောပိုင်းမှာ ဗန်ဒိုက်၊ အဲလစ်ဆင်ဘက်ကာ၊ ဂျော်ဒန်ဟန်ဒါဆန်၊ ဖာဘင်ဟို၊ အလက်ဇန်းဒါးအာနိုးနဲ့ ရောဘတ်ဆင်တို့ကို စာချုပ်သစ်အသီးသီး ချုပ်ဆိုထားတာဖြစ်ပြီး တိုက်စစ်မှူး မိုဟာမက်ဆာလာက လီဗာပူးအသင်းနဲ့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၃ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ကုန်ဆုံးမှာဖြစ်တာကြောင့် စာချုပ်သစ်ချုပ်ဆိုဖို့ ဆန္ဒရှိနေတာ ဖြစ်ပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ လီဗာပူးအသင်းကို ရောက်ရှိလာခဲ့တဲ့ ၂၀၁၇ ခုနှစ် နောက်ပိုင်း ပြိုင်ပွဲအရပ်ရပ်မှာ ၂၁၅ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုး စုစုပေါင်း ၁၄၀ အထိ သွင်းယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

**ငွေကြယ်**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# ယဉ်ကျေးလိမ္မာအစပြု ဝစီကံယဉ်ကျေးမှု(၃)

**ဦးမင်းဟန်(ဘီအေ)**

“ဘိုးလေးရေ မြေးတို့အငြင်းပွားနေကြလို့”

“ဟေ ဘာတွေများ အငြင်းပွားနေကြတာလဲ”

“ဝစီကံယဉ်ကျေးမှု အကြောင်းတွေပါပဲ ဘိုးလေး”

ဘိုးလေးကြွက်၏ အိမ်ရှေ့ရှိ ကုက္ကိုပင်ကြီး အောက်ကို ရောက်ရောက်ချင်း အငြင်းပွားမှု ဖြစ်သည့်အကြောင်း ဘိုးလေးကြွက်အား ကိုဦးက ပြောလိုက်သည်။ ဘိုးလေးကြွက်၏ ပြန်မေးသည့် အမေးစကားကို ပူစူးမက ဖြေပြော ပြောလိုက်ခြင်း ဖြစ်သည်။

“ဘုရားစင်ကိစ္စပါ ဘိုးလေး”

မောင်ထူးက အငြင်းပွားမှုအကြောင်းအရာကို အစဖော်ပေးလိုက်သည်။

“ဩော်... ဒီလိုလား၊ ဘုရားစင်လို့ မသုံးနှုန်းရဘူးကွယ့်။ ဘုရားကျောင်းဆောင်လို့သုံးနှုန်းမှ မှန်မယ်”

“ဟုတ်ကဲ့ဘိုးလေး မြေးတို့အရပ်ထဲမှာတော့ ဘုရားစင်လို့ပဲ ပြောနေဆိုနေကြတာ ဘိုးလေးရဲ့၊ အိမ်တွေမှာတော့ ဘုရားစင်လို့ သုံးနှုန်းပြီး ဘုန်းကြီးကျောင်းမှာတော့ ဘုရားခန်းလို့ ခေါ်တယ်ဆိုပြီး မြေးတို့ အငြင်းပွားနေကြတာပါ"

ဘိုးလေးကြွက်၏ စကားအဆုံးမှာ ပူစူးမက အငြင်းပွားမှုအကြောင်းအရာ အပြည့်အစုံကို ရှင်းလင်းပြောပြသည်။

“အေးပါကွယ်- ဘိုးလေး ရှင်းပြမှာပေါ့။ ဘုန်းကြီးကျောင်းမှာပဲဖြစ်ဖြစ်၊ ဓမ္မာရုံမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ်၊ ဘုရားဆင်းတုတော်၊ ရုပ်ပွားတော်၊ ပုံတော်တွေ ပူဇော်ထားရှိတဲ့နေရာကို ဘုရားကျောင်းဆောင်လို့ခေါ်တယ်။ ဘုရားကျောင်းဆောင်လို့ သုံးနှုန်းပြောဆိုရတယ်ကွယ့်”

“ဟုတ်ကဲ့ပါဘိုးလေး၊ မှတ်သားထားပါ့မယ်”

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးမှာ မှတ်စုစာအုပ်များတွင် ကိုယ်စီရေးမှတ်လိုက်ကြသည်။

“ဘုရားရှိခိုးရာနေရာ၊ ဘုရားဝတ်ပြုရာ အဆောက်အအုံကိုတော့ ဘုရားရှိခိုးကျောင်း၊ ဝတ်ကျောင်းလို့ သုံးနှုန်းတယ် မြေးတို့ရဲ့ "

“ဟုတ်ကဲ့ ဘိုးလေး”

“နောက်ပြီး တရားဓမ္မတွေ ဟောပြောရာ၊ တရားနာယူရာ အဆောက်အအုံကိုတော့ ဓမ္မာရုံလို့ ခေါ်ဝေါ်သုံးနှုန်းတယ်”

“ဟုတ်ကဲ့ဘိုးလေး၊သုံးတဲ့ စကားလုံးအမှန်တွေ ရှိပြီးသားပေါ့နော်။ အသုံးအနှုန်းအမှန်တွေသုံးစွဲမှ ယဉ်ကျေးတဲ့အပြောအဆို ဖြစ်မှာပေါ့နော်ဘိုးလေး”

“မှန်တာပေ့ါ ကိုဦးရာ၊ စကားပြောဆိုတဲ့နေရာမှာ အသုံးအနှုန်းတွေက သိပ်အရေးကြီးတယ်။ မသုံးတတ်ရင် ဝစီကံအမှု ကျူးလွန်ရာရောက်တယ်။ မှန်မှန်ကန်ကန် သုံးနှုန်းပြောဆိုတတ်ဖို့လိုတယ်။ မြေးတို့ အသေအချာ မှတ်သားထားကြပေါ့”

ကိုဦး၏စကားကို ဘိုးလေးကြွက်က ပြန်ပြောပြီး ရေနွေးကြမ်းတစ်ကျိုက်မော့သောက်လိုက်သည်။

“ပြောစရာတွေရှိသေးတယ် မြေးတို့ရဲ့။ စေတီတော်၊ ဆင်းတုတော်၊ ရုပ်ပွားတော်၊ ပုံတော်တွေ၊ ရဟန်းတော်တွေ၊ သီလရှင်တွေကို သပ္ပာယ်တယ်၊ တင့်တယ်တယ်၊ ကြည်ညိုဖွယ်ကောင်းတယ်လို့ပဲ ပြောဆိုသုံးနှုန်းရတယ်။ မြေးတို့ အချင်းချင်းပြောဆိုကြသလို ချောတယ်၊ လှတယ်လို့ မသုံးနှုန်း၊ မပြောဆိုရဘူးကွယ့်”

“ဟုတ်ကဲ့ဘိုးလေး၊ မှတ်သားထားပါ့မယ်”

“ဒါနဲ့ မြေးတို့ ရဟန်းသံဃာတော်တွေနဲ့ရော စကားပြောဖူးကြလား။ ပြောရောပြောတတ်ကြရဲ့လားကွယ့်”

“ပြောတော့ ပြောဖူးပါတယ်”

“ဘယ်လို ပြောဖြစ်တာလဲ၊ ရွာဦးကျောင်းက ဆရာတော်နဲ့ ပြောဖြစ်တာလား မောင်ထူး”

မောင်ထူး၏အဖြေစကားကို ဘိုးလေးကြွက်က ဆက်မေးလိုက်ခြင်းဖြစ်သည်။

“ဒီလိုပါဘိုးလေး၊ ဟိုတစ်နေ့က အိမ်မှာ ရွာဦးကျောင်းဆရာတော်ကို နေ့ဆွမ်းကပ်တော့ ဆရာတော်က မြေးကို ဒကာလေး အနားလာဦး လို့ခေါ်တယ်။ မြေးကလည်း ဟုတ်ကဲ့ လာပါပြီ ဘုန်းဘုန်းလို့ ပြန်ပြောဖြစ်လိုက်တယ်”

“ဒါဆို မောင်ထူးပြောလိုက်တဲ့ အသုံးအနှုန်းက မှားနေတာပေါ့။ ရဟန်းသံဃာနဲ့ စကားပြောတဲ့အခါ ဟုတ်ကဲ့လို့ ပြန်မပြောရဘူး။ တင်ပါ့အရှင်ဘုရားလို့ သုံးနှုန်းမှမှန်တယ်ကွယ့်”

“ဟုတ်ကဲ့ဘိုးလေး၊ အဖေကတော့ သား အဲလို မပြောရဘူး၊ ယဉ်ကျေးအောင်ပြောရတယ်လို့ ပြောတယ်”

“ဟုတ်လား မြေးရဲ့အဖေက မြေးကို ပြန်ရှင်းပြဖို့ အချိန်မရလိုက်လို့ဖြစ်မှာပါ။ မြေးတို့ရဲ့ မိဘအရွယ်တွေကတော့ ရဟန်းသံဃာတော်တွေနဲ့ ပြောတတ်ဆိုတတ်ကြပါတယ်”

“မြေးကလည်း နောက်ပိုင်းပြန်မမေးမိတော့ဘူး ဘိုးလေးရေ”

ဘိုးလေးကြွက်၏စကားအဆုံးမှာ မောင်ထူးက ပြန်ပြောလိုက်ခြင်းဖြစ်သည်။

“ရဟန်းသံဃာတော်တွေနဲ့ စကားပြောတဲ့အခါ ယဉ်ကျေးမှုအရှိဆုံးဖြစ်အောင် ပြုမူပြောဆိုကြရတယ်။ ရဟန်းသံဃာတော်တွေက ခေါ်ရင်လည်း ဘုရား၊ အရှင်ဘုရားလို့ ပြန်ထူးရတယ်။ ရဟန်းသံဃာတော်တွေနဲ့ စကားပြောဆိုရာမှာ ဟုတ်ကြောင်း၊ မှန်ကြောင်း ဝန်ခံလိုတဲ့အခါ မှန်ပါအရှင်ဘုရား၊ တင်ပါအရှင်ဘုရားလို့ သုံးနှုန်းပြောဆိုရတယ်”

“မဟုတ်ဘူးလို့ ရဟန်းသံဃာတော်တွေကို ပြန်ပြောချင်ရင်ရောဘိုးလေး”

“ပြန်ပြောချင်တယ်လို့ မပြောရဘူးကွယ့်၊ ရဟန်းသံဃာတော်တွေကို အရပ်ထဲမှာပြောသလို မပြောဘူး။ ပြန်လျှောက်ထားလိုပါတယ်လို့ ပြောရတယ်။ မဟုတ်မှန်ကြောင်း ပြန်လျှောက်ထားလိုတဲ့အခါ မဟုတ်ပါဘုရား၊ မမှန်ပါဘုရားလို့ သုံးနှုန်းပြောဆိုရတယ်”

မောင်ထူး၏ အမေးစကားကို ဘိုးလေးကြွက်က စိတ်ရှည်လက်ရှည်ရှင်းပြပြီး ပူစူးမယူလာသည့် လက်ဖက်အုပ်လေးကို အဖုံးဖွင့်ကာ လက်ဖက်တစ်ဇွန်း ခပ်စားလိုက်သည်။ ပြီးနောက် တမြုံ့မြုံ့ဝါးရင်း ဆက်ပြောသည်။

“ရဟန်းသံဃာတော်တွေ၊ သီလရှင်တွေနဲ့ စကားပြောဆိုရာမှာ မိမိကိုယ်ကို ရည်ညွှန်းပြောဆိုလိုတဲ့အခါ တပည့်တော်၊ တပည့်တော်မ၊ ဘုရားတပည့်တော်၊ ဘုရားတပည့်တော်မ ဆိုပြီး သုံးနှုန်းပြောဆိုရတယ် မြေးတို့ရဲ့”

“ဟုတ်ကဲ့ဘိုးလေး၊ မှတ်သားထားပါ့မယ်”

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့က မှတ်စုစာအုပ်ကိုယ်စီဖြင့် ရေးမှတ်နေကြသည်။

“မြေးတို့လည်း မှတ်စုစာအုပ်တွေမှာ ရေးတော့ ရေးမှတ်နေကြတာပဲ၊ ပြန်ကောဖတ်ကြရဲ့လား”

“ပြန်တော့ မဖတ်ဖြစ်ပါဘူးဘိုးလေး”

ပူစူးမစကားကြောင့် ဘိုးလေးကြွက်အပါအဝင် အားလုံး ရယ်မောလိုက်ကြသည်။

“အမှန်အတိုင်းဝန်ခံကြတာပဲ။ မြေးတို့အားလုံး လိမ္မာကြပါပေတယ်။ မြေးတို့ ရေးမှတ်ထားတာလေးတွေ ပိုမှတ်မိနေအောင် ပြောထားတာလေးတွေ ဘိုးလေးပြန်မေးမယ်။ မမှတ်မိရင် စာအုပ်ထဲမှာ ပြန်ကြည့်ကြပေါ့”

“ဟုတ်ကဲ့ ဘိုးလေး”

“မေးခွန်းစပြီနော်၊ ဘုန်းကြီးကျောင်းမှာဖြစ်ဖြစ်၊ ဓမ္မာရုံမှာဖြစ်ဖြစ်၊ လူနေအိမ်မှာပဲဖြစ်ဖြစ် ဘုရားဆင်းတုတော်၊ ရုပ်ပွားတော်၊ ပုံတော်တွေ ပူဇော်ထားရှိရာနေရာကို ဘယ်လို ခေါ်ဝေါ်သုံးနှုန်းရမလဲ မြေးတို့ရဲ့”

“ဘုရားကျောင်းဆောင်လို့ ခေါ်ဝေါ်သုံးနှုန်းပြောဆိုရပါမယ် ဘိုးလေး”

“တယ်ဟုတ်ပါလား၊ မြေးတို့မှတ်မိကြသားပဲ။ ဆက်မေးဦးမယ်နော် နားစွင့်ထား၊ မြေးတို့ကို ရဟန်းသံဃာတော်တွေက ခေါ်ရင်၊ ပြောရင် ဘယ်လို ပြန်ထူးရမလဲကွယ့်”

“ဘုရား၊ အရှင်ဘုရားလို့ ပြန်ထူးပြန်ပြောရပါမယ်"

ဘိုးလေးကြွက်၏အမေးစကားကို မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးက ပြိုင်တူညီညာစွာ ပြန်ဖြေလိုက်ကြသည်။

“သာဓုကွယ် သာဓု သာဓု၊ မြေးတို့က ဉာဏ်ကောင်းကြသားပဲ။ မေးတာတွေအားလုံး မှန်အောင် ဖြေဆိုနိုင်ကြတယ်။ မှတ်သားထားတာတွေကိုလည်း အိမ်ပြန်ရောက်တဲ့အခါ တစ်ခေါက်လောက်တော့ ပြန်ဖတ်ကြည့်ကြပေါ့။ နောက်ဆိုရင် ကြုံရင်ကြုံသလို ဘိုးလေးကပြန်မေးမှာနော်”

“ဟုတ်ကဲ့ပါ ဘိုးလေး၊ မြေးတို့ မှတ်စုတွေ မမေ့အောင် ပြန်ဖတ်ထားပါ့မယ်”

“ကဲကဲ ဒီနေ့တော့ ဒီလောက်ပဲပေ့ါ မြေးတို့ရယ်”

ဘိုးလေးကြွက်က ပြောပြောဆိုဆိုဖြင့် ရေနွေးကြမ်းပြည့်ပြည့်တစ်ခွက်အား တစ်ကျိုက်တည်း မော့သောက်လိုက်လေသည်။ ။

# မုသားရှောင်ခြင်း ယဉ်ကျေးမှု (၃)

“ဟဲ့ ... အောင်ဘု”

“ဘာလဲ ... ခင်စိန်မ”

“လမ်းမှာ နင်လုပ်ပုံက မရိုင်းစိုင်းဘူးလား”

“ငါ ဘာလုပ်လို့လဲ”

“ဟဲ့ .. အခုန တို့ဒီကိုလာတုန်းက နင်တို့ ရှေ့ကပန်းတက်ပြီး ဖုန်တွေကို ခြေနဲ့ခတ်ခတ်ပြီး သွားတာလေ”

“အေး ... ဟုတ်တယ်... ဟုတ်တယ်၊ တို့ မနည်းကို ရှောင်ရတာကွ”

“ဟ ... ဒါက ငါသွားတတ်သလို သွားတာပါ ညီကြီးရာ၊ ဖုန်မပေချင်ရင် ကြည့်ရှောင်ပေါ့”


“အံမာ ... သွားတတ်သလို သွားတာတဲ့။ အားကြီးဟုတ်ပေ့ါ၊ ဒါ ... ဟိုဘက်အပိုင်းက ထွေးငယ်တို့ ပါလာတာတွေ့လို့ တမင်လုပ်တာ”

“မဟုတ်ရပါဘူး၊ ငါ့ဟာငါ သွားတာပဲဟာ”

“အတော်လိမ်ရဲတဲ့ ကောင်၊ ဒါကြောင့်မို့လည်း ဟိုကောင်မက သူ့ကို ကလော်တုတ်သွားတာ”

“ငါလည်း ပြန်တုတ်တာပေါ့၊ ဘယ်ခံမလဲ”

“ဟဲ့ ... ကောင်းမလားဟဲ့၊ ဆဲကြ




ဆိုကြနဲ့ဟာ၊ ဟော ... ဘဘ ဆင်းလာပြီ”

“မခင်စိန်တို့ ပြောတာတွေ ဘဘ အကုန်ကြားတယ်၊ အိပ်နေတာ မဟုတ်ဘူး၊ စာကြည့်နေတာ၊ နေစမ်းပါဦး ကိုရွှေအောင်ဘုက ဘာလို့ ရိုင်းရိုင်းစိုင်းစိုင်း လုပ်ရတာလဲ”

“ဟို ထွေးငယ်မဆိုတာက ကျွန်တော့် တွေ့ရင် ထိထွမ်နဲ့ စောင်းစောင်းမြောင်းမြောင်း လုပ်လွန်းလို့ပါ... ဘဘ၊ တစ်ခါက သူတို့ခွေး ကျွန်တော့်လိုက်ကိုက်တာကို ကျွန်တော်က လေးခွနဲ့ လိုက်ပစ်လို့တဲ့”

“ဒါနဲ့များ သူလုပ်တိုင်း လုပ်ရမလား အောင်ဘုရယ် ...” “ကျွန်တော် မှားသွားပါတယ် ... ဘဘ”

“မင်းမလည်း ပြောလိုက်မှဖြင့် ကျွန်တော်မှားသွားတယ်နဲ့ချည်းပဲကိုး။ မကောင်းမှန်း မတော်မှန်းသိရက်နဲ့ သူများ စိတ်ဒုက္ခရောက်အောင် လုပ်ရတယ်လို့၊ ဘာလို့ ရမ်းကားတဲ့ စိတ်ရိုင်းကို မွေးရတာလဲ ... ညီကြီး၊ မင်း ဦးလေး စာထဲမှာ ပါသေးလား”

“ပါတယ် ... ဘဘ

ဆဲရေးတိုင်းထွာ၊ ဖရုသာ၊ ဘယ်နေရာမှ မပြောနဲ့တဲ့ပါ ဘဘ”

“အေး ... ဟုတ်တယ် သွားရင်းလာရင်း ရန်စ၊ နောက် ...ဆဲဆိုကြနဲ့ဟာ ဘယ်ကောင်းမလဲ၊ မိဘတွေက မဆုံးမလို့နေမှာလို့ ကြားသိရတဲ့သူတွေက ထင်မှာ၊ သွားသွားလာလာရှိတဲ့ အခါမှာလည်း ယဉ်ကျေးသိမ်မွေ့ရတယ်၊ သိက္ခာဂုဏ်ရှိရတယ်”

“အိမ်မှာပဲဖြစ်ဖြစ်၊ ကျောင်းမှာပဲဖြစ်ဖြစ်၊ ကစားတဲ့နေရာမှာပဲဖြစ်ဖြစ်၊ ရန့်ရင်းကြမ်းတမ်းတဲ့ စကားကို မပြောရဘူး။ သူများမခံချင်အောင် မစရဘူး၊ အဲဒါ မှတ်ထားကြ”

“ဟုတ်ကဲ့ပါ... ဘဘ”

“ဒါနဲ့ . . . ဘဘ၊ ကိုရင်ရာဟုလာကို ဘုရားရှင်ဆုံးမပုံလေး ဆက်ပြောပြပါဦး”

“အေးအေး ... မောင်သီလ ပြောပြမယ်၊ ကိုရင်ရာဟုလာကို ခုနစ်နှစ်အရွယ်လောက်ကတည်းက သူ့ဖခင် ဗုဒ္ဓက မုသားမပြောဖို့ ဆုံးမထားတာ ...”

“အောင်ဘု မင်းအသက်က”

“၁၃ နှစ် ... ဘဘ”

“အံမယ် ကိုရင်ရာဟုလာထက် ၆ နှစ်တောင် မင်းက ပိုသေးတယ်၊ ဒီတော့ ပိုပြီး လိမ္မာရမှာကွ”

“အဲ ဗုဒ္ဓက ပြောတယ် ရာဟုလာတဲ့ ဘုရင်မင်းမြတ်ရဲ့ စစ်ဆင်ကြီးဟာ စစ်မြေပြင်ရောက်တော့ ရှေ့ခြေနှစ်ချောင်းနဲ့လည်း ရန်သူကို ခုတ်တယ်၊ နောက်ခြေနှစ်ချောင်းနဲ့လည်း ရန်သူကို ကန်ထုတ်တယ်၊ ရှေ့ကိုယ်နဲ့လည်း တိုက်ပစ်တယ်။ နောက်ကိုယ်နဲ့လည်း တွန်းပစ်တယ်။ နားရွက်နှစ်ဖက်နဲ့လည်း ရန်သူပစ်တဲ့ မြားတံ စတာတွေကို ပုတ်လွှတ်တယ်။ ဦးခေါင်းကိုမော့ပြီး မျက်စိနှစ်လုံးနဲ့လည်း ရန်သူကို ကြည့်တယ်။ အစွယ်နှစ်ချောင်းနဲ့လည်း ထိုးတာပဲ။ ဒါပေမယ့် သူ့နှာမောင်းကိုဖြင့် ခံတွင်းထဲသွင်းပြီး ဝှက်ထားတယ်”

ဒီအခါ ဆင်ဦးစီးက ဘုရင့်စစ်ဆင်ကြီးက အသက်စွန့်ပြီး အလုပ်မလုပ်သေးဘူးလို့ ကြံသတဲ့။

ဒီလိုနဲ့ တစ်ချိန်မှာ စစ်ဆင်ကြီးက အခုနလို တစ်ကိုယ်လုံး ရှိသမျှတွေနဲ့ အလုပ်လုပ်ရုံမက နှာမောင်းကြီးထုတ်ပြီး သစ်တုံးတွေ ပွေ့ယူ၊ ရန်သူဆီလှမ်းပစ်နဲ့ လုပ်လာတယ်။ ရန်သူခံတပ်တွေကို ရိုက်ချိုးနင်းနယ်လုပ်လာတယ်။ ဒီအခါ ဆင်ဦးစီးက ...

“ဘုရင့်စစ်ဆင်ကြီး အသက်စွန့်ပြီး တိုက်ပြီဟေ့ ... သူ့ တစ်ကိုယ်လုံး ဘယ်နေရာမှ မကျန်တော့ဘူး”လို့ ကြံစည်နေသတဲ့။ ချစ်သားရာဟုလာ ဆင်ဦးစီး ကြံသလိုပါပဲ”

“မဟုတ်မှန်းသိရက်နဲ့ မုသားစကား ပြောတဲ့ အမှုဆိုတာ အရှက်မရှိတဲ့ ပုဂ္ဂိုလ်အား တစ်စုံတစ်ခု သူမပြုဝံ့တဲ့ မကောင်းမှုဆိုသရွေ့ ရှိကို မရှိတော့ဘူး ရာဟုလာ ..

**စာမျက်နှာ ၁၉ သို့** ❁

# ရဲရင့်သူတို့၏သတ္တိ
# အလိုလိုဖြစ်တာပါ

**ဓမ္မဒူတ**
**ဒေါက်တာအရှင်ဆေကိန္ဒ**



လူတိုင်းရဲ့ပါးစပ်ဖျားမှာ ပြောတတ်ကြတဲ့စကား ရှိပါတယ်။”

“အလိုလိုဖြစ်တာပါ”တဲ့။

ဒီစကားရဲ့အဓိပ္ပာယ် အသိုက်အဝန်းက များပြားပါတယ်၊ ကျယ်ပြန့်ပါတယ်။

ဒီနေရာမှာ ဘာဝနာအလုပ်ကို အားထုတ်ကြတဲ့သူတွေအတွက် ပြောချင်တာဖြစ်လို့ ဘာဝနာသဘောနဲ့ပဲ စပ်ပြီး ပြောပြပါမယ်။

ဘာဝနာဆိုတာ ကောင်းတဲ့ခတ်တွေ မိမိစိတ်မှာ တိုးပွားပြီး မကောင်းတဲ့ခတ်တွေကို လျော့ပါးသွားစေတဲ့ သဘောပါ။

ပုထုဇဉ်လူသားတွေရဲ့ စိတ်ဟာ မကောင်းတဲ့ခတ်တွေ ရှိကြ၊ ဖြစ်ကြတာများတော့၊ နောက်ပြီး ခတ်ခံကိုက မကောင်းတဲ့ဘက် လိုက်တာများတော့ ဘာဝနာအလုပ်ဆိုတာ ကြိုးစားပြီးတော့ကို အားထုတ်ရမယ့်အလုပ် ဖြစ်နေပါတယ်။

“စိတ်ကို စိတ်အတိုင်းထားပါ” “စိတ်ဆိုတာ နဂိုက ဖြူစင်ပြီးသားပါ”လို့ အပြောသက်သက်နဲ့ လူပြိန်းကြိုက်နည်းတွေလည်း ရှိတတ်ပါတယ်။

စိတ်ဆိုတာ နဂိုက ပြိုးပြိုးပြက်ပြက် အရောင်ထွက်တယ်၊ သန့်ရှင်းတယ်လို့ မြတ်ဗုဒ္ဓရဲ့ စကားကိုသာယူပြီး ကိုယ့်အကြိုက် ကိုယ်ပြောနေတာပါ၊ ပုထုဇဉ်တွေရဲ့ စိတ်ဟာ မကောင်းမှုမှာသာ အပျော်များတယ်၊ အဖြစ်များတယ်လို့လည်း မြတ်ဗုဒ္ဓက ဟောတော်မူထားပါသေးတယ်။

“စိတ်ကို စိတ်အတိုင်းထားလို့ မရပါဘူး။” ကိလေသာအခံ ရှိတဲ့စိတ်က ပုထုဇဉ်တွေရဲ့ စိတ်ပါ။ ကိလေသာခတ်ဆိုးတွေကို မပယ်သတ်နိုင်သရွေ့ ဒီခတ်ဆိုးတွေက ဒီစိတ်ကို ခြယ်လှယ်ကြပါတယ်။

“တရား အားထုတ်နည်းတွေထဲမှာ ဒီအတိုင်းလေး အေးအေးဆေးဆေး နေလိုက်တဲ့ အားထုတ်နည်းကို တပည့်တော်ကိုက ကြိုက်ပါတယ်ဘုရား”

“တကယ် အေးအေးဆေးဆေး ချမ်းချမ်းသာသာ နေနိုင်ရင် ကောင်းတာပေါ့”

“ဟုတ်ပါတယ်၊ စိတ်ကို စိတ်အတိုင်းလေး ထားလိုက်ရုံပါပဲ၊ ဘာမျှလုပ်စရာမလိုပါဘူး၊ နဂိုနေလေး နေလိုက်ရုံပါပဲ၊ လူလည်းသက်သာ၊ စိတ်လည်း ချမ်းသာတဲ့ တရား အားထုတ်နည်းပါပဲ”

“အဲဒီလိုနေတာကို သဘောကျတယ်လို့ ထင်ပါတယ်”

“ဟုတ်ပါတယ်”

“ဒီလိုဆိုရင် မေးခွန်းတစ်ခုလောက် မေးခွင့်ပြုနိုင်ရင် မေးချင်ပါတယ်”

“မေးပါ”

“စိတ်ဆိုးဖူးသလား”

“ဆိုးဖူးပါတယ်”

“စိတ်ဆိုးဖို့ရယ်၊ စိတ်မဆိုးဖို့ရယ် ဘယ်ဟာက ကြိုးစားအားထုတ်မှုရှိပါသလဲ”

“ဟာ-ဒါကတော့ အဖြေရှိပြီးသားပါ၊ စိတ်ဆိုးတယ်ဆိုတာက အလိုလိုဆိုးတာပေါ့။ တစ်ခါတလေ အကြာကြီးနေမှ ကိုယ့်ဟာကိုယ် စိတ်ဆိုးမှန်းသိပါတယ်။ စိတ်မဆိုးဖို့က မနည်းကို အောင့်အည်းထားရပါတယ်။ ထိန်းထားရပါတယ်၊ ဒါတောင် တစ်ခါတလေ ဘယ်လောက်ထိန်းထိန်း လက်ခြေတွေပါတဲ့အထိ ဖြစ်သေးတယ်၊ အနည်းဆုံးတော့ ပါးစပ်ကပါမိတာပါပဲ”

“စိတ်ကို စိတ်အတိုင်းထားလိုက်ပါ” လို့ လွယ်လွယ်ပြောတဲ့နည်းနဲ့ ဘုရားရှင်ရဲ့ စိတ်ချမ်းသာစွာနေနည်းက မတူပါဘူး၊ လုံးဝဆန့်ကျင်ဘက်ပါ။

စိတ်ဆိုးတဲ့အခါ အလိုလိုဆိုးတယ်။

စိတ်မဆိုးအောင် မနည်းကြိုးစားနေရတယ်။ ဒါတောင်မလွယ်ပါဘူး။

လိုချင်မှုလောဘဖြစ်တဲ့အခါ အလိုလိုဖြစ်တယ်၊ မြင်ရုံနဲ့ ဖြစ်တယ်၊ ကြားရုံ၊ နံရုံ၊ စားရုံ၊ ထိရုံ၊ သိရုံလေးနဲ့ ဖြစ်တယ်။ အလိုလိုဖြစ်တယ်။

လိုချင်မှုလောဘ မဖြစ်အောင် မနည်းကြိုးစားယူရတယ်။

ပင်ကိုအခံ ကိလေသာခတ်ရဲ့ သဘောကို မသိတော့ စိတ်ဆိုးလည်း အလိုလို၊ လိုချင်မှုလောဘဖြစ်လည်း အလိုလိုလို့ ပြောကြပါတယ်၊ အမှန်ကအဲဒီ စိတ်ဆိုးမှု၊ လိုချင်မှု စတဲ့ခတ်သဘောတွေက ပုထုဇဉ်တွေရဲ့ စိတ်မှာ အမြဲကပ်ခို၊ ကိန်းအောင်းလာခဲ့တယ်၊ သူတို့က ထကြွတာ၊ သောင်းကျန်းတာကို မသိလို့ သောင်းကျန်းနေကြ၊ အရှိန်အဝါတွေ အားကောင်းနေလို့ အလိုလိုဖြစ်တယ် ပြောကြတာပါ။

ဓမ္မသဘောတွေ ဓမ္မသတ္တိ ပြနေကြတာ၊ အဓမ္မခတ်တွေ အဓမ္မလုပ်နေကြတာပါ။

ဒီသဘောတွေကို ဉာဏ်နဲ့ မသိမြင်သေးတော့ အလိုလိုဖြစ်တာပါလို့ ပြောကြ၊ လက်ခံကြပါတယ်၊ အဲဒီလို လက်ခံတာက မသိမှု မောဟကိလေသာခတ်ပါ။

လိုချင်မှုလောဘ၊ စိတ်ဆိုးမှု၊ မနှစ်သက်မှု ဒေါသတွေ မဖြစ်အောင် မနည်းကြိုးစားရတယ်လို့ ပြောပါတယ်။

မလိုချင်မှု အလောဘ၊ စိတ်မဆိုးမှု အဒေါသ၊ သတိ၊ ဝီရိယ၊ ပညာဉာဏ်တွေကို အလိုလိုဖြစ်လာနိုင်တဲ့ သဘောအထိ ရှိအောင် ကြိုးစားရမယ်လို့ မသိကြပါဘူး၊ ဒါဟာ မောဟပါ။

ကောင်းတဲ့ခတ်တွေ မိမိစိတ်မှာ အမြဲရှိနေအောင် ကြိုးစားရမယ်၊ ဒါမှ အလိုလို လောဘမဖြစ်တော့မှာ၊ အလိုလို ဒေါသမဖြစ်တော့မှာပါ။

ဒီလိုမကြိုးစားဘဲ အသာလေးမှိန်းပြီး ကိုယ့်အထင် ကိုယ့်အတွေးနဲ့ ကျေနပ်ပြီး ခိုင်းနှိုင်းကြပါတယ်၊ မတူပါဘူး၊ လုံးဝမတူပါဘူး၊ အဲဒီလိုမတူမှန်း မသိတာလည်း မောဟပါပဲ။ ။

မောဟဆိုတာအဝိဇ္ဇာပါ၊ အသိဉာဏ်ပညာရဲ့ ဆန့်ကျင်ဘက်ပါ၊ အမှန်ကို အမှားထင်တာ၊ အမှားကို အမှန်ထင်တာ၊ မကောင်းကို အကောင်းထင်တာ၊ အကောင်းကို မကောင်းထင်တာ၊ ပြောင်းပြန်မြင်နေတာတွေဟာ မသိမှု အဝိဇ္ဇာ မောဟရဲ့ ပုံရိပ်ပြောင်းပြန်မြင်မှုတွေပါ။

မောဟဆိုတာ ဘာရယ်၊ ညာရယ် မဟုတ်၊ မရေမရာ၊ မသေမချာ၊ ဟိုလိုလို ဒီလိုလိုဖြစ်နေတဲ့ သဘောပါ။

အဲဒီ မောဟ သဘောက မိမိစိတ်မှာ အလိုလိုဖြစ်တတ်ပါတယ်၊ ဒါဟာ မောဟ အားကြီးနေလို့၊ အဖြစ်များလို့ ဖြစ်နေကြမို့လို့ပါပဲ။

အသိဉာဏ်ပညာ ဝိဇ္ဇာ၊ အမောဟကတော့ တစ်ရက်နေလို့ တစ်ခါ၊ တစ်လနေလို့တစ်ခါ မဖြစ်ကြပါဘူး၊ ကြိုးစားလွန်းရင်တောင် ဖြစ်ဖို့မလွယ်ပါဘူး။

မကောင်းတာလုပ်ဖြစ်ဖို့ သူ့အလိုလို၊ မကောင်းတာပြောဖြစ်ဖို့ သူ့အလိုလို၊ မကောင်းတာကြံစည်မိဖို့ သူ့အလိုလို ဆိုတာ ကိလေသာခတ်ဆိုးတွေက လုပ်နေတာပါ။

ကောင်းတာလုပ်ဖြစ်ဖို့၊ ကောင်းတာပြောဖြစ်ဖို့၊ ကောင်းတာကြံစည်မိဖို့ဆိုတာ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာတွေက လုပ်ပေးတာပါ။

ကောင်းတာလုပ်၊ ပြော၊ ကြံတဲ့အခါ သူ့အလိုလို ဖြစ်နေတာက အရိယာမြတ်တွေပါ၊ သူတော်ကောင်းခတ်တွေ အားကောင်းလွန်းနေတာကိုး။

ပုထုဇဉ်တွေအနေနဲ့ အရိယာမြတ်တွေလို ကောင်းတာတွေ သူ့အလိုလို ဖြစ်ဖို့အတွက် ဘာဝနာအလုပ် အားထုတ်ရပါတယ်၊ ကြိုးစားရပါတယ်၊ သူတော်ကောင်းခတ်တွေ တိုးပွားအောင် ရင့်သန်အောင် အမြဲမပြတ် တရစပ် စိတ်ခတ်မှာ ကိန်းအောင်းလာအောင် ကြိုးစားရတဲ့အလုပ်ဟာ ဘာဝနာအလုပ်ပါ။

ဘာဝနာအလုပ်ဆိုတာ အသာကလေး မျှောထားလိုက်ရုံနဲ့ ဘာဝနာအလုပ်ဖြစ်တာ မဟုတ်ပါဘူး၊ တဖြည်းဖြည်းချင်းဆိုသလို ခတ်ကောင်းတွေကို အားမွေးယူရတာပါ၊ ဘဝပါရမီ ဖြည့်တယ်ဆိုတာ ဒီခတ်ကောင်းတွေကို ဖြည့်ဆည်းခဲ့တာပါ။

စိတ်ဆိုးတဲ့အခါ ဖြစ်ကြောတိုတာလည်းရှိတယ်။ ဖြစ်ကြောရှည်တာလည်းရှိတယ်။

စိတ်ဆိုးမှုဖြစ်ကြော တိုသူက ဖြစ်ကြောရှည်သူထက် သူတော်ကောင်းခတ်ခံအားတွေ ပြည့်နေတယ်ပေါ့၊ စိတ်ဆိုးမှု မဖြစ်တတ်တော့ဘူး၊ ဖြစ်ဖို့အလွန်ခဲယဉ်းတဲ့သူကတော့ ပါရမီခတ်ကောင်းတွေ ပိုပြီးပြည့်နေပါပြီ။ ဘာဝနာအားတွေရင့်သန်နေပြီလို့ ပြောနိုင်ပါတယ်။

စိတ်မဆိုးတတ်တာ တစ်ခုနဲ့တော့ ဘာဝနာရင့်ပြီလို့ မပြောနိုင်ပါဘူး၊ တစ်ယောက်နဲ့တစ်ယောက်က ကိလေသာအရှိန် မတူကြဘူးလေ။

တချို့က လိုချင်မှုလောဘအဖြစ်အားသန်တယ်၊ တွေ့ကရာ မြင်ကရာ အားလုံး လိုချင်တာချည်းပါပဲ။ စိတ်တော့ မဆိုးတတ်ပါဘူး၊ ဆိုးခဲပါတယ်။

တချို့ကဘာမဆို မက်မက်မောမော မရှိပါဘူး။ လိုချင်မှု အားနည်းတယ်။ ဒါပေမဲ့ အပြစ်ကို ကြည့်ပြီး အမြဲတမ်း စိတ်ဆိုးအလိုမကျ ဖြစ်နေတတ်တယ်။

တချို့ကျတော့လည်း လောဘလည်း မကြီး၊ စိတ်လည်း မဆိုးတတ်ပါဘူး။ တစ်ယောက်တည်း ငူငူငေါင်ငေါင်နဲ့ နေရတာကိုပဲ အရသာအရှိဆုံး၊ လောကမှာ အကောင်းဆုံးလို့ မှတ်ယူတတ်ပါတယ်။

ဒါဟာ တစ်ယောက်နဲ့တစ်ယောက် ကိလေသာအားချင်း မတူတဲ့သဘောကိုပြပါတယ်။ အဲဒါကြောင့် “စိတ်ကို စိတ်အတိုင်းသာထား၊ ဘာမျှလုပ်စရာ မလိုဘူး” လို့ ပြောတတ်သူတွေဟာ လောဘလိုချင်မှုအားနည်းရင် အားနည်းနေပါလိမ့်မယ်၊ ဒေါသစိတ်ဆိုးမှု အားနည်းရင် အားနည်းနေပါလိမ့်မယ်။ ဒါပေမဲ့ မောဟရဲ့သဘောတွေကတော့ ဘယ်လောက် အတိုင်းအတာအထိ အားကောင်းနေမလဲဆိုတာ မှန်းဆကြည့်လို့ရလောက်ပါပြီ။

မောဟ အားကောင်းသူအတွက်ကတော့ အထင်မှား အမြင်မှားခတ်တွေ အားကောင်းနေတတ်တော့ သေချာနားလည်အောင်ပြောလည်း လက်ခံဖို့ မလွယ်ပါဘူး။

ပိုပြီးဆိုးတာက ငါ့ဟာအမှန်၊ ငါ့ဟာ အဟုတ်ဆိုတာတွေက လွှမ်းကဲနေတတ်လို့ပါပဲ။

ဘာဝနာတရား အားထုတ်လိုသူအတွက် အခြေခံအနေနဲ့ မိမိက လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ ကိလေသာတွေ ဘယ်ဟာက အားကြီးနေသလဲ၊ အရင်သိဖို့ သတိထားရပါမယ်၊ အဲဒီလိုသတိထားတာ၊ ဆန်းစစ်တာဟာ ဘာဝနာအလုပ် အခြေခံပါပဲ။

မိမိမှာ “သူ့အလိုလိုဖြစ်တာပါ” ဆိုတဲ့ ကိလေသာတွေရဲ့ သဘောဆိုးကို သေချာသိအောင်ကြည့်ပါ။ သတိထားပါ။

ဒါမှလည်း ဒီကိလေသာ ခတ်ဆိုးတွေကို လျော့ပါးစေတဲ့ဘာဝနာနည်း၊ ဒီကိလေသာတွေကိုနိုင်တဲ့ ခတ်ကောင်းတွေ တိုးပွားစေတဲ့ ဘာဝနာနည်းတွေကို ရွေးချယ်ပြီး အားထုတ်နိုင်မှာဖြစ်ပါတယ်၊ မိမိစရိုက်နဲ့ မိမိကိုက်ညီတဲ့ ဘာဝနာကို မှန်းဆပြီး အားထုတ်ကြည့်လာနိုင်ပါ့မယ်။

မကောင်းခတ်တွေ လျော့ပြီး ကောင်းတဲ့ခတ်တွေ တိုးပွားလာပါလိမ့်မယ်၊ ဒါဟာ ဘာဝနာအခြေခံအစစ်ပါပဲ။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ရဲရင့်သူတို့၏သတ္တိ စာအုပ်မှ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

---

❀ **စာမျက်နှာ ၁၈ မှ**

ဒါကြောင့် သင်ချစ်သားဟာ ငါကား ရယ်ရွှင်မြူးထူးပျော်ပါးလို၍တောင်မှ မုသားစကားကို မပြောဆိုတော့အံ့လို့ နှလုံးသွင်းကာ သိက္ခာသုံးပါး အကျင့်တရားကို ကျင့်ကြံအားထုတ်ရမယ်ဆိုပြီး အလွန်လေးနက်တဲ့ အဆုံးအမကို ဗုဒ္ဓက ပေးလိုက်တယ်။

ဒီတော့ မင်းတို့လည်း ကြားပြီပဲဟာ မုသားစကားပြောသူအဖို့ အကုသိုလ်မှန်သမျှ ဘာမဆိုလုပ်ရဲပုံကို စစ်ဆင်ကြီးလုပ်ပုံနဲ့ ဥပမာပြုပြီး ဆုံးမသွားတာလေ”

“ဟုတ်ကဲ့ပါ … ဘဘ”

“ဒီတော့ …… မင်းတို့ ပြန်ဖြေစမ်း၊ စစ်ဆင်ကြီးဟာ ခြေရော၊ လက်ရော၊ ကိုယ်ရော၊ အစွယ်တို့၊ မျက်စိတို့၊ နားရွက်တို့နဲ့ရော ဘာမှမကျန်အောင် အလုပ်လုပ်သလား၊ မလုပ်ဘူးလား”

“အလုပ် လုပ်ပါတယ် … ဘဘ”

“ဒါဆို မုသားပြောတတ်သူဟာ သူ့အသက်ကို သတ်ရဲ မသတ်ရဲကွာ”

“သတ်ရဲတယ် … ဘဘ”

“မင်း … သတ်သလားလို့ မေးရင်ကော”

“မသတ်ဘူးလို့ လိမ်မယ် … ဘဘ”

“သူ့ … ဥစ္စာကော” “ခိုးမယ် … ဘဘ၊ မေးရင် မခိုးဘူးလို့ သူလိမ်မယ်”

“သူတစ်ပါး သားမယားကော”

“ဖျက်ဆီးမယ်၊ မေးရင် မဖျက်ဆီးဘူးလို့ လိမ်မယ်”

“မုသား စကားကော”

“ပြောမယ်…ဘဘ၊ မေးရင် မပြောဘူးလို့ လိမ်မယ်”

“သေရည် အရက်ကော”

“သောက်မယ် … ဘဘ၊ မေးရင်တော့ မသောက်ဘူးလို့ သူလိမ်မှာပဲ”

“နောက် … ကုန်းတိုက်တာ၊ ဆဲတာ၊ အကျိုးမဲ့စကားပြောတာတွေကော”

“လုပ်မယ် … ဘဘ၊ မေးရင်တော့ ဘူးကွယ်ပြီး သူလိမ်မှာပဲ”

“ဒါဆိုရင် မုသားပြောတတ်သူဟာ သူမလုပ်ရဲတဲ့ အကုသိုလ် ဆိုတာ ကျန်သေးရဲ့လား”

“မကျန်ဘူး … ဘဘ”

“အေး … ဟုတ်ပေါ့ဗျာ၊ ဒါကြောင့် မုသားစကားကို တစ်သက်လုံး မပြောဖြစ်အောင် ရှောင်ကြပေါ့ဗျာ”

“ဟုတ်ကဲ့ပါ … ဘဘ”

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

[ ၁၃ ]


ဒီဇင်ဘာ ကျောင်းပိတ်ရက်ပြီးလျှင် နွေရာသီကျောင်းပိတ်ရက်ကို မျှော်ရပြန်သည်။ နွေရာသီသို့ မြန်မြန်ဆန်ဆန် ရောက်စေချင်လှသည်။

အခါတိုင်းကဆိုလျှင်တော့ နွေသည်လည်းကောင်း၊ မိုးသည်လည်းကောင်း၊ ဆောင်းသည်လည်းကောင်း၊ သူ့အလိုအလျောက် ပြောင်းလဲသွားလေ့ရှိသည်။ သူ့အလိုလိုပင် တစ်ခုပြီးတစ်ခု ဖြတ်ကျော်သွားလေ့ရှိသည်။ ယခုမူ ထိုသို့မဟုတ်ချေပြီ။ ရာသီအပြောင်းအလဲပေါ်မှာ သိမှတ်ရသောစိတ်ကို ခင်ခင်ကြီး မွေးမြူမိသည်။ ရာသီနှင့်လိုက်ဖက်စွာ စိတ်မှာ အပြောင်းအလွဲဖြစ်ရသည်။

ယခင်က ကျောင်းပိတ်ရက်များသည် ခင်ခင်ကြီးအတွက် ပျင်းရိဖွယ် ဖြစ်ခဲ့သည်။ ငြီးငွေ့ဖွယ်ဖြစ်ခဲ့သည်။ ကျောင်းမှာနေရသည်ကမှ ပျော်စရာကောင်းသည်။ အပေါင်းအသင်းနှင့် ရယ်မောရွှင်ပျ နေနိုင်ခွင့်ရှိခဲ့သည်။ အိမ်မှာဆိုလျှင် လှောင်အိမ်အတွင်း ကျရောက်သည်နှင့် ဘာမျှမခြား။ မြင်နေကျမျက်နှာများကိုပင် မြင်ရသည်။ ကြားနေကျစကားများကိုပင် ကြားရသည်။ အပြောင်းအလဲသည် သိသိသာသာဖြစ်ပေါ်လာသည်ဟု မထင်ရပေ။ ယခုတော့လည်းကျောင်းမှာမပျော်။ အိမ်မှာလည်း ရွှင်ပျလှသည်မဟုတ်။ သို့ပေမဲ့ အိမ်မှာရှိနေရချိန်တွင် ငေးချင်ရာငေး၍ရသည်။ တွေးချင်ရာ တွေး၍ရသည်။ ကိုယ်မလွတ်လပ်ပေမဲ့ စိတ်လွတ်လပ်သည်။

ခင်ခင်ကြီးသည် ယခင်ကလို လှုပ်လှုပ်ခတ်ခတ်မရှိ။ တည်ငြိမ်လာသည်။ ရယ်မောရွှင်ပျချိန် နည်းပါးလာသည်။ ထိုအတွက် ဘွားဘွားတို့ မေမေတို့အဖို့မှာ အဆန်းအကြယ်ဖြစ်လာပုံရသည်။ သို့ပေမဲ့ ဘာတစ်ခုမျှမေးစမ်းခြင်းတော့ မရှိ။ မေမေတို့အဖို့မှာလည်း ကိုကိုနှင့် ပတ်သက်သည့် စိတ်စနောင့်စနင်းဖြစ်ဖွယ်ကိစ္စရပ်က ရှိနေလေရာ ခင်ခင်ကြီးအား ဂရုစိုက်ချိန်မရ။

သည်အတွင်း မောင်မောင်ဦးထံမှစာများကို ခင်ခင်ကြီးဖတ်ရသည်။ အစတွင် သူ့ဘက်ကပြန်ရေးရန်အတွက်လက်တွန့်လျက်ရှိသည်။ မောင်မောင်ဦးက တိုက်တွန်းသည်လည်းဖြစ်၊ ကိုကို့ထံ စာမရောက်ပါဟု ကတိပေးသည်လည်းဖြစ်၍ တစ်စောင်စနှစ်စောင်စ ပြန်ရေးသည်။




ကိုကိုပြန်သွားပြီး နောက်တစ်ရက်တွင် မေမေနှင့်ဘွားဘွားတို့ တွင်းကြီးမင်းစုသို့ သွားသည်။ သူတို့ပြောဆိုကြသော စကားများအရ မလှဝေနှင့် နားဖောက်သည်ဟု ခင်ခင်ကြီး သိရသည်။ တစ်ဖက်ကလည်း သဘောတူသည်ဟု ကြားရသည်။ သဘောမတူဘဲ အဘယ်မှာလျှင် ရှိချိမ့်မည်နည်း။ ကိုကိုဆိုသည်က သမီးရှင်များအတွက် မျက်စိကျစရာပင်။ .

ကိုကိုစာမေးပွဲဖြေအပြီး ပြန်အလာမှာ လက်ထပ်ပေးဖို့ မင်္ဂလာရက်ကိုပင် သတ်မှတ်ပြီး ဖြစ်နေသည်။ ကိုကို့အား ဘိလပ်သို့ လွှတ်ရန်အတွက်မူ စဉ်းစားစရာဖြစ်လာသည်။ ၎င်းမှာ ဥရောပ၌ စစ်ရိပ်စစ်ငွေ့သန်းနေပြီဟူသော သတင်းစကားကြောင့် ဖြစ်သည်။

တစ်ဟုန်ထိုး တိုးတက်လာသည့် ဂျာမနီပြည်ကို ဥရောပရှိ အခြားတိုင်းနိုင်ငံများက စောင့်ကြည့်လျက်ရှိသည်။ အာဏာရှင်ဟစ်တလာ၏ စကားများကလည်း ခြိမ်းခြောက်မှုများ တစ်စထက်တစ်စ ပါဝင်လာသည်ဟု သိရသည်။ ခင်ခင်ကြီးတို့ စာမေးပွဲဖြေရမည့်ရက်များနှင့် နီးကပ်လာချိန် မတ်လ ၁၅ ရက်နေ့တွင် ဂျာမနီက ချက်ကိုစလိုဗက်ကီးယားပြည်ကို ဝင်ရောက်သိမ်းပိုက်ခြင်းဖြင့် ဥရောပတွင် စစ်မီးကို စတင်ညှိထွန်းလိုက်လေသည်။

မဝင်းရီကို မြင်ရလေတိုင်း ခင်ခင်ကြီး စိတ်မကောင်းနိုင်အောင် ရှိရသည်။ မဝင်းရီသည် သနားစရာကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း မြင်ရသည်။ သူ၏ဖခင်နှင့် အစ်ကိုတို့ ဘီအိုစီမှာပင် အလုပ်ပြန်ရသည်။ သူကိုယ်တိုင်သည်လည်း ဘီအိုစီကတည်ထောင်ပေးသော ကျောင်းမှာ ဆရာမအဖြစ် အလုပ်ရသည်။ ထို့အတွက် ဝမ်းသာရသည် အမှန်ပင်။ သို့ပေမဲ့ ကိုကိုနှင့် စပ်လျဉ်းလာလျှင်ကား မဝင်းရီ စိတ်ဖြောင့်နိုင်ဟန်မတူ။ ဝမ်းသာနိုင်ပုံမရ။

ကိုကိုနှင့် မလှဝေတို့ စေ့စပ်သတင်းသည် ရေနံချောင်းရှိ တွင်းရိုးတွင်းစားများလောက၌ ဂယက်ရိုက်ခတ်သည်။ တစ်ဆင့်ထက်တစ်ဆင့် ပြန့်ပွားသွားသည်။ ယင်းသတင်းကို မဝင်းရီ ကြားသိသွားခဲ့ဟန်တူသည်။ ကြားရစနေ့က စိတ်လှုပ်ရှားစွာဖြင့် ခင်ခင်ကြီးအား လာတွေ့ကာ မှန်မမှန်မေးသည်။ ခင်ခင်ကြီး မညာတတ်။ အမှန်ဖြစ်ကြောင်း ဖြေရသည်။ ယင်းသတင်းကို မေမေတို့က ကိုကို့ထံ မပြောသေးဘဲရှိရာ ကိုကိုသည် မဝင်းရီရေးသောစာမှတစ်ဆင့် ယင်းသတင်းကို သိရှိသွားရသည်။

ကိုကိုတစ်ယောက်လည်း တွေဝေနေပုံရသည်။ ဘာလုပ်ရမည်မသိတတ်ဘဲ ရှိပုံရသည်။ အိမ်သို့ စာမရေးခဲ့သည်မှာလည်းကြာချေပြီ။ မဝင်းရီထံသို့လည်း စာမှန်မှန်မလာဟု သိရသည်။

ခင်ခင်ကြီးသည် ကိုကိုနှင့်မဝင်းရီတို့ အကြားမှာ ကြားဝင်ချင်သည်။ နှစ်ဦးလုံးကိုပင် စိတ်ချမ်းသာစေချင်သည် အမှန်။ သို့ပေမဲ့ သူကိုယ်၌က ဘာတစ်ခုမျှမတတ်နိုင်သောကိစ္စရပ်ဖြစ်၍ ကြားမဝင်သာဘဲ ရှိသည်။ မဝင်းရီအားဖျောင်းဖျသောစကားမျိုးကိုသာ ဆိုနိုင်စွမ်းသည်။ ထို့ထက်ပို၍ သူ့အနေနှင့် ဘာတစ်ခုမျှ စွမ်းဆောင်ပေးနိုင်ခြင်း မရှိခဲ့။ စင်စစ် သူကိုယ်၌ကလည်း သူ့အပူနှင့်သူမပင်။

ခင်ခင်ကြီးသည် ယခုတလော နေမကောင်းချင်သလို ရှိသည်။ အစားအစာ စားသောက်ရသည်မှာလည်း အရသာမရှိ။ လူမှာ အလိုလို နုံးချည့်နေသည်။ ပင်ပန်းနေသည်။ ဤသည်ကို အစကတော့ အိပ်ရေးပျက်သောကြောင့်ဟု ထင်သည်။ မေမေတို့ကလည်း ခင်ခင်ကြီး တစ်ယောက် စာမေးပွဲနီးနေသဖြင့် စာကျက်ရလွန်းသောကြောင့်ဟုပင် ထင်သည်။

ကျောင်းတွင် ခင်ခင်ကြီး၏ အရင်းနှီးဆုံး သူငယ်ချင်းမ တစ်ယောက်ရှိသည်။ ယင်း သူငယ်ချင်းက ခင်ခင်ကြီး ဖျော့တော့နေသည်ကို ဂရုစိုက်မိဟန်တူသည်။

"ညည်းနေကောင်းရဲ့လား ခင်ခင်ကြီး"

"နေကောင်းပါတယ်။ ဘာဖြစ်လို့လဲဟင်"

"ညည်းကိုကြည့်ရတာ တစ်မျိုးပဲ။ အားနည်းနေသလိုပဲ။ လူကလည်း ငူငူငိုင်ငိုင်နဲ့။ နေမကောင်းလို့လား တွေးမိလို့ပါ"

"အမှန်ပြောရရင်တော့ ယခုတလောငါ သိပ်နေမကောင်းချင်သလိုပဲဟယ်။ နေရတာလည်း တစ်မျိုးပဲ။ တစ်ခါတစ်ခါ လေတွေချည်း အန်အန်နေတယ်"

"ဓမ္မတာကော မှန်ရဲ့လားဟင်"

"ရက်အတော်များများကျော်နေပြီ"

သည်တွင် သူငယ်ချင်းဖြစ်သူသည် ခင်ခင်ကြီး၏ မျက်နှာကို အကဲခတ်သလို စူးစိုက်လာသည်။

"ငါ့ကို မှန်မှန်ပြောစမ်း ခင်ခင်ကြီး"

သူငယ်ချင်းက အထိတ်တလန့်အမူအရာဖြင့် အလေးအနက်မေးလာသည်။

"ဘာပြောရမှာလဲ"

"ညည်း တောင်တောင်မြောက်မြောက်တွေများ လျှောက်လုပ်ခဲ့သလား ခင်ခင်ကြီးရယ်"

"ဘာလဲ တောင်တောင်မြောက်မြောက်ဆိုတာ"

သူငယ်ချင်းဖြစ်သူ နှစ်ကိုယ်ချင်းဖြစ်ပါလျက် ပြောရမည့်စကားအတွက် ရှက်ရွံ့ဟန်ဖြင့် နားအနားသို့ကပ်၍ တစ်စုံတစ်ရာကို တိုးတိုးပြောသည်။

"အိုအေ၊ ပေါက်ပေါက်ရှာရှာ"

ခင်ခင်ကြီးသည် မျက်စိမှိတ်လျက် ဇွတ်အတင်း ငြင်းဆိုလိုက်ရသည်။ သို့ရာတွင် သူငယ်ချင်းဖြစ်သူ၏ စကားအတွက် ခင်ခင်ကြီးမှာ ကတုန်ကယင်ကြီး ဖြစ်သွားရပါသည်။ တုန်လှုပ်ချောက်ချားသွားပါသည်။

"မသိပါဘူးအေ။ ဒါမျိုးလုပ်ရင် အခုလိုဖြစ်တတ်တယ်ဆိုလို့ပါ"

"နေစမ်းပါဦး။ အခုလိုဖြစ်တော့ ဘာဖြစ်သလဲဟင်"

ခင်ခင်ကြီး စပ်စုသည်။

"အခုလိုဖြစ်တာဟာ ကလေးရှိချင်လို့ပေါ့"

"ကလေး"

"ဟုတ်တယ်။ ငါလည်း သိပ်သိလှတယ်တော့ မဟုတ်ဘူး။ ငါ့အစ်မတစ်ယောက်ဖြစ်တာ မြင်ဖူးတာ"

"ကလေးက ဘယ်လိုလုပ်ရှိတတ်တာလဲဟင်"

"ဘုရားရေ၊ ကလေးဘယ်လိုလုပ် ရှိတယ်ဆိုတယ် ဆိုတာ ညည်းမသိဘူးလား ခင်ခင်ကြီး"

"ဟင့်အင်း"

"စောစောက ငါပြောတာမျိုးဖြစ်ဖူးရင် ကလေးရှိတတ်တယ်တဲ့"

"ဟုတ်လား"

ခင်ခင်ကြီးကိုယ်မှာ တုန်လာသည်။ ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာသည်။ ခြေဖျားလက်ဖျားများ အေးစက်သွားရသည်ဟု ထင်သည်။ သူငယ်ချင်းဖြစ်သူက စကားဆက်ပြောနေသည်။ သို့ပေမဲ့ ခင်ခင်ကြီး မကြားတော့။ နားမှာ "ကလေး၊ ကလေး" ဟူသော အသံသည် ပဲ့တင်သံသဖွယ် ပေါ်ပေါက်နေသည်။ အဝေးမှ လွင့်ပျံ့လာသည့်နှယ် ဖြစ်သည်။ အထပ်ထပ် ရိုက်ခတ်နေသည်။

"ဝမ်းဆွဲဆရာမ ဖြစ်ဖြစ်၊ လက်သည်ဖြစ်ဖြစ် ပြကြည့် ပါလားဟင်"

သည်စကားကို ခင်ခင်ကြီးကြားသည်။

"ဘာလုပ်ဖို့ပြရမှာလဲ" ပြန်မေးသည်။

"သူတို့က စမ်းတတ်၊ သပ်တတ်ရှိတယ်။ ရှိမရှိ သိတယ်။ ထိန်နေတာမျိုးဖြစ်ချင်လည်း ဖြစ်မှာပါ။ ထိန်နေတာမျိုးဆိုရင် သူတို့က ဆေးပေးမှာပေါ့"

"နေပါစေ။ တစ်ရက်နှစ်ရက်နေရင် နေကောင်းသွားမှာပါ"

ထိုနေ့က တစ်နေ့လုံးလိုလိုပင် ခင်ခင်ကြီး မရွှင်မပျရှိသည်။ အခြားဘာတစ်ခုကိုမျှ စိတ်ဝင်စား၍မရ။ သူငယ်ချင်းဖြစ်သူ၏ စကားများကသာ သူမ၏ စိတ်သန္တာန်ကို ကြီးစိုးထားသည်။ လွှမ်းမိုးထားသည်။ "ကလေး၊ ကလေး" ဆိုသောအသံကို နားဝယ် အထပ်ထပ်ကြားနေရသည်။


**ဆက်လက်ဖော်ပြပါမည်။**

**ခင်ခင်ကြီးသည် ယခုတလော နေမကောင်းချင်သလိုရှိသည်။**
**အစားအစာ စားသောက်ရသည်မှာလည်း အရသာမရှိ။**
**လူမှာ အလိုလိုနုံးချည့်နေသည်။ ပင်ပန်းနေသည်။**
**ဤသည်ကို အစကတော့ အိပ်ရေးပျက်သောကြောင့်ဟုထင်သည်။**
**မေမေတို့ကလည်း ခင်ခင်ကြီးတစ်ယောက် စာမေးပွဲနီးနေသဖြင့်**
**စာကျက်ရလွန်းသောကြောင့်ဟုပင် ထင်သည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

ကြေးမုံ
အောက်တိုဘာ ၂၇၊ ၂၀၁၂

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြရန်နှိုးဆော်ခြင်း







[illegible]



[illegible]

၁။ [illegible]

၂။ [illegible]

[illegible] (table; includes items such as High Mast Light, Garden Light)

၃။ [illegible] Account Transfer [illegible]

(က) [illegible]

(ခ) [illegible]

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ညွန့်ရီ

### အသက်(၉၃)နှစ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦးတို့၏ မိခင်ဖြစ်သူ ဒေါ်ညွန့်ရီ အသက်(၉၃)နှစ်သည် ၂၁-၁၀-၂၀၂၂(ကြာသပတေးနေ့) နံနက် ၉:၁၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ဇနီး ဒေါ်တင်တင်ညွန့်**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မေမေစန်း

### အသက်(၉၀)

ဒေါက်တာမြတ်ဝဏ္ဏစိုး - ဒေါက်တာခင်ဒါလီထွန်းတို့၏ မိခင်ကြီး ဒေါ်မေမေစန်း အသက်(၉၀)သည် ၂၅-၁၀-၂၀၂၂ရက် ည ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မေမေစန်း

### အသက်(၉၀)

နေပြည်တော်နေ ဦးမြင့်စိုး(ဦးဆောင်ညွှန်ကြားရေးမှူး-အငြိမ်းစား)၊ စက်မှုဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ ဇနီး၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး-ဒေါက်တာခင်ဒါလီထွန်းတို့၏ မိခင်ကြီး ဒေါ်မေမေစန်း အသက်(၉၀)သည် ၂၅-၁၀-၂၀၂၂ရက် ည ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

## အထူးကျေးဇူးတင်ရှိပါကြောင်း

၂၂-၁၀-၂၀၂၂(သောကြာနေ့)တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်သော ဒေါ်တီတီချို အသက်(၇၉)နှစ် ဥပဒေပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ဒဂုံတက္ကသိုလ်၏ နာရေးကိစ္စအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးသားချင်းများနှင့် တပည့်/တပည့်မများ၊ မိတ်ဆွေသူငယ်ချင်းများ၊ အထူးအားဖြင့် ကိုယ်တိုင် ကိုယ်ကြလိုက်ပါပို့ဆောင်ပေးကြသူများ၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ထည့်ပေးကြသော ဒဂုံတက္ကသိုလ် ဥပဒေဌာနမှ ဆရာကြီး၊ ဆရာမကြီးများ၊ အိမ်တိုင်ရာရောက်လာရောက်သတင်းမေးကြသူများ၊ လှူဖွယ်ပစ္စည်းများပေးပို့ကြသူများ၊ ဖုန်းဖြင့်သတင်းမေး နှစ်သိမ့်ပေးကြသူများနှင့် ရပ်ကွက်ထဲမှ မိတ်သင်္ဂဟများအားလုံးကို ကျေးဇူးအထူးတင်ရှိအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းရီ

### အသက်(၇၅)နှစ်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဦးအောင်ဇော်မင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်)-ဒေါ်ခင်သန္တာထွန်းတို့၏ဖခင် ဦးထွန်းရီသည် အာရှတော်ဝင်ဆေးရုံ၌ ၂၆-၁၀-၂၀၂၂ ရက် နံနက် ၆ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းရီ

### အသက်(၇၅)နှစ်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဦးအောင်ဇော်မင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)-ဒေါ်ခင်သန္တာထွန်းတို့၏ဖခင် ဦးထွန်းရီသည် အာရှတော်ဝင်ဆေးရုံ၌ ၂၆-၁၀-၂၀၂၂ရက် နံနက် ၆နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**အမှတ်(၁)တည်ဆောက်ရေး**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## သွေးသည် အသက်

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မေမေစန်း

### အသက်(၉၀)

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ခရေ(၁၃)လမ်း၊ အိမ်အမှတ်(၁၇၇၃)နေ ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး-ဒေါက်တာခင်ဒါလီထွန်းတို့၏ မိခင် ဒေါ်မေမေစန်း အသက်(၉၀)သည် ၂၅-၁၀-၂၀၂၂ ရက်နေ့ ည ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးဝန်ကြီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မေမေစန်း

### အသက်(၉၀)

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ခရေ(၁၃)လမ်း၊ အိမ်အမှတ်(၁၇၇၃)နေ (ဦးဘတင့်-ဒေါ်ထွေး)တို့၏သမီး၊ ဦးမြင့်စိုး(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှုဝန်ကြီးဌာန)နှင့် (ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာမြတ်သူရစိုး၊ ဒေါက်တာမြတ်ဝဏ္ဏစိုး-ဒေါက်တာခင်ဒါလီထွန်း၊ ဒေါက်တာမြတ်ဉာဏစိုး- ဒေါက်တာဝတ်မှုံတို့၏မိခင်ကြီး၊ ခွန်ရဲ-မြတ်သန်းနုစိုး၊ မြတ်ကသစ်စိုး၊ မြတ်ဉာဏ်စင်စိုးတို့၏အဘွား၊ ခွန်သာ၏ဘွားဘွားကြီးသည် ၂၅-၁၀-၂၀၂၂ ရက် ည ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သော ရုပ်ကလာပ်အား ၂၇-၁၀-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကျေးကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာခြင်းကို ၃၁-၁၀-၂၀၂၂ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအတွင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးထွန်းရီ(ရမ်းဗြဲ)

လက်ထောက်ညွှန်ကြားရေးမှူး၊ ဥပဒေရေးဆွဲရေးဌာန(ငြိမ်း)

### အသက် (၇၅)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့ အောင်စေတီရပ်နေ (ဦးယက်သဲ့အောင်-ဒေါ်မြေ)တို့၏သား၊ ဦးသန်းမောင်ဦး၊ ဒေါ်အေးရီတို့၏မောင်၊ ဒေါ်အေးအေးဝင်း(ဒု-ဦးစီးမှူး)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ တိုက်(၃၀)၊ အခန်း(၁၀၁)နေ (ဒေါ်လှတင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဇော်မင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန)-ဒေါ်ခင်သန္တာထွန်း၊ ဒေါ်ဥမ္မာထွန်း(ကထိကဌာနမှူး-မကွေး)၊ ဒေါ်ခင်သူဇာထွန်း (Progra-mmer)၊ ဦးမျိုးတင့်ထွန်း(လက်ထောက်ညွှန်ကြားရေးမှူး-သူငွေးချောင်းရေအားလျှပ်စစ်စီမံကိန်း)-ဒေါ်နှင်းအိခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ကျော်ဇင်သန့်(သွား/ဆေး)၊ မောင်ခိုင်မြဲထွဋ်တို့၏ ချစ်လှစွာသောဘိုးဘိုး ဦးထွန်းရီသည် ၂၆-၁၀-၂၀၂၂(အင်္ဂါနေ့) နံနက် ၆ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ (၉၆)ပါး ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၂၂(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး အေးကျော်(ငြိမ်း)

ကြည်း ၂၀၆၂၂၊ တေဇ(၁၄)

### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ လှိုင်သီရိအိမ်ရာ၊ တိုက်(၃)၊ အခန်း(၂၀၄)နေ (ဦးငွေ)-ဒေါ်မြသင်းတို့၏ သားလတ်၊ ဦးတင်လှိုင်-(ဒေါ်တင်အောင်)တို့၏ သားသမက်၊ ဗိုလ်ကြီးမိုးသီဟကျော် (DSTA –17)၊ ကိုစိုးသူရကျော်-မခင်ပပလှိုင်၊ မောင်ကောင်းမြတ်ဟိန်းတို့၏ဖခင်၊ မသန့်သီရိစိုး၏ အဘိုး၊ ဒေါ်လေးလေးလှိုင် (အလယ်တန်းပြ၊ အ.ထ.က-၃၊ သဃ်န်းကျွန်း)၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း)သည် ၂၅-၁၀-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၁၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၇-၁၀-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ခရေ(၁၃)လမ်း၊ အိမ်အမှတ်(၁၇၇၃) နေ ဒေါက်တာမြတ်ဝဏ္ဏစိုး- ဒေါက်တာခင်ဒါလီထွန်းတို့၏မိခင် ဒေါ်မေမေစန်း အသက်(၉၀)သည် ၂၅-၁၀-၂၀၂၂ ရက် ည ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း/ အမှုထမ်းများ**
**ကုသရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မေမေစန်း

### အသက်(၉၀)

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ခရေ(၁၃)လမ်း၊ အိမ်အမှတ်(၁၇၇၃)နေ ဒေါက်တာမြတ်ဝဏ္ဏစိုး-ဒေါက်တာခင်ဒါလီထွန်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မေမေစန်း အသက်(၉၀)သည် ၂၅-၁၀-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးနှင့်**
**ဝန်ထမ်းမိသားစုများ**

ရဟန်းဒါယိကာမကြီး

## ဒေါ်တင်စန်း (ဘောလည်)

### အသက် (၇၇) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဘောလည်ကျေးရွာနေ (ဦးမောင်လှိုင်-ဒေါ်မြရင်) တို့၏သမီး၊ ( ဦးအောင်စည်-ဒေါ်မယ်တင့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့နေ (ဦးကိုကိုစိန်)-ဒေါ်အေးသန်းတို့၏ ညီမ၊ တိုက်ကြီးမြို့နယ်၊ တာခွကျေးရွာနေ ဦးမြင့်သောင်း-ဒေါ်သန်းသန်းငွေ၊ ရန်ကုန်မြို့နေ ဦးဝင်းတင့်-ဒေါ်ခင်မို့မို့တို့၏ အစ်မ၊ နေပြည်တော်နေ ဦးဝင်းကို (လက်ထောက်အတွင်းဝန်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး - ရုံးအမှတ် ၂၆)-ဒေါ်သက်သက်လှ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးသန့်ဇင်-ဒေါ်သာယာအေး၊ ဘောလည်ကျေးရွာနေ မစမ်းစမ်းစိမ့်၊ အောင်ပန်းမြို့နေ ဦးဝင်းကျော်သူ-ဒေါ်နိုးနိုးကျော်တို့၏ မိခင်ကြီး၊ မောင်ထင်အောင်လင်း၊ မောင်အောင်ထူးခန့်တို့၏ အဘွား၊ (ဦးဝင်းမောင်)၏ ဇနီးသည် ၂၆-၁၀-၂၀၂၂ (အင်္ဂါနေ့)၊ ညနေ ၄:၅၀ နာရီတွင် ဘောလည်ကျေးရွာနေအိမ်၌ (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်အား ၂၈-၁၀-၂၀၂၂(ကြာသပတေးနေ့)၊ မွန်းတည့် ၁၂:၀၀ နာရီတွင် ဘောလည်ကျေးရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာဒေါ်ခိုင်ထားလွင်(ခ) ဒေါ်နွဲ့နွဲ့ရီ

သွားဘက်ဆိုင်ရာဆရာဝန်(သခ-၈၃) 2nd Batch

### အသက်(၇၅)နှစ်

မန္တလေးမြို့နေ (ဦးအောင်စိန်-ဒေါ်ရီလေး)တို့၏ သမီးကြီး၊ (ဦးသ-ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ ဦးကျော်ကျော် (လ/ထညွှန်ကြားရေးမှူး-ငြိမ်း၊ ရေလမ်းညွှန်)၏ ဇနီး၊ ဦးမောင်မောင် (ကထိက-ငြိမ်း၊ သတ္တဗေဒဌာန)-ဒေါ်ခင်ကြူကြူ၊ ဒေါ်ခင်ငွေးမြင့်၊ ဦးခင်မောင်ဆန်း-ဒေါ်နနုဝင်း (တွဲဖက်ပါမောက္ခ-ငြိမ်း၊ သတ္တဗေဒဌာန)၊ ဦးကိုကိုခိုင်လင်း-ဒေါ်ယုယုမာ(မန္တလာမျိုးကုန်မျိုးစုံရောင်းဝယ်ရေး)တို့၏ ချစ်လှစွာသောအစ်မကြီး၊ ဒုဗိုလ်မှူးကြီး မြတ်မင်းစန်း-ဗိုလ်ကြီး မီမီကျော်ခိုင်၊ (ဦးစက်သူရကျော်)-ဒေါ်သန္တာကျော်ခိုင်၊ ဗိုလ်မှူးကျော်ဇေယျ-ဒေါ်အိအိခိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ခြောက်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၅-၁၀-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၁:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၇-၁၀-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် မန္တလေးမြို့ တောင်အင်း-မြောက်အင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ရီရီအောင်

### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ ၉/၂ (၀၂) ရန်ငြိမ်းအိမ်ရာနေ (ဦးထွန်းအောင်-ဒေါ်ကြည်မြိုင်)တို့၏ သမီး၊ ဦးသောင်းညွန့်၏ဇနီး၊ (မောင်စည်သူအောင်)၊ မသဇင်၊ မောင်သန့်ဇင်၊ မဆုဆုလှိုင်၊ မဆုဆုပိုင်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား ဒေါ်ရီရီအောင်သည် ၂၅-၁၀-၂၀၂၂ (တနင်္လာနေ့) ည ၁၀:၀၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၇-၁၀-၂၀၂၂ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာယူခြင်းကို ၃၁-၁၀-၂၀၂၂ (တနင်္လာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ ပြုလုပ်မည်ဖြစ်ပါသဖြင့် နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်လွင်(ပဲခူး)

### အသက်(၅၂)နှစ်

ရန်ကုန်မြို့နေ ဦးဗိုလ်သန်း-ဒေါ်မြမြအေးတို့၏ သားကြီး၊ သမီးကြီး ဘရဏီမောင်မောင်၏ဖခင်၊ ဒေါ်နော်လူးဝစ်(ခ)မဆူး၏ ခင်ပွန်း၊ သမီးငယ် ဇူဇန်မောင်မောင်၏ ဖခင်၊ ညီ ငါးယောက်၊ ညီမ တစ်ယောက်တို့၏ အစ်ကိုကြီး၊ တူ/တူမ ငါးယောက်တို့၏ဘကြီး ဦးမောင်မောင်လွင်သည် ၂၂-၁၀-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁:၅၅ နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမြတ်ဝဏ္ဏစိုး-ဒေါက်တာ ခင်ဒါလီထွန်းတို့၏ မိခင်ကြီး ဒေါ်မေမေစန်း အသက်(၉၀)သည် ၂၅-၁၀-၂၀၂၂ ရက်နေ့ ည ၁၁:၄၅ နာရီအချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊**
**အမှတ်စဉ်(၁) (ဗဟိုဝန်ထမ်းတက္ကသိုလ်အောက်မြန်မာပြည်)မှ**
**သင်တန်းသားမောင်နှမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မေမေစန်း

### အသက်(၉၀)

ဒေါက်တာမြတ်ဝဏ္ဏစိုး-ဒေါက်တာခင်ဒါလီထွန်းတို့၏ မိခင်ကြီး ဒေါ်မေမေစန်း အသက်(၉၀)သည် ၂၅-၁၀-၂၀၂၂ ရက် ည ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူးနှင့်**
**အရာထမ်း၊ အမှုထမ်းများ မိသားစု**

## သင့်သွေး ဖြင့် အသက် ကယ်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ ရည်မှန်း၍ ခိုင်းစေမှုကြောင့် ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သပြေကုန်းကျေးရွာတွင် အပြစ်မဲ့ပြည်သူတစ်ဦးအား ရက်စက်စွာသတ်ဖြတ်ခဲ့ပြီး ဟင်္သာတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးနှင့် အထက(၁) ကျောင်းတို့အား လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲခဲ့သူများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ စေခိုင်းချက်အရ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့အား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၄ ရက်တွင် PDF အဖွဲ့များအားထောက်ပံ့ပေးသည့် ဟင်္သာတမြို့ တာလေးရပ်ကွက် လင်းလွန်းပင်(၂)လမ်းနေ **အိသက်ပိုင်**(၃၁)နှစ်အား ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၇ ရက်တွင် အင်္ဂပူမြို့နယ် မဲဇလီစုကျေးရွာ၌ KNLA တပ်မဟာ(၃)တွင် အကြမ်းဖက်ဖောက်ခွဲရေး သင်တန်းတက်ရောက်ခဲ့သူ **ဝင်းနိုင်**(၄၆)နှစ်ကို ဖမ်းဆီးရမိခဲ့သည်။

**ဖမ်းဆီးရမိ**

တရားခံ ဝင်းနိုင်၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၈ ရက်တွင် အင်္ဂပူမြို့နယ် ရှမ်းခေါင်းဖြဲအုပ်စု ရေကျော်ကျေးရွာ ခိုင်သဇင်လမ်းနေ **ထူးထူးပိုင်** (၁၈)နှစ်အား လက်လုပ်မိုင်း တစ်လုံး၊ ယမ်းမှုန့် ၂၀ ကျပ်သား၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ထူးထူးပိုင်၏ ထွက်ဆိုချက်အရ ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၈ ရက်တွင် ကြံခင်းမြို့နယ် ဘက်ရဲမြို့ (၂)ရပ်ကွက် လမ်းမတော်လမ်း၌ **သန့်စင်**(၃၅)နှစ်ကိုလည်းကောင်း၊ အောက်တိုဘာ ၉ ရက်တွင် မြန်အောင်မြို့နယ်

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○**



ကြံခင်းမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာအနီး၌ လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

# ပရီမီယာလိဂ်ရဲ့ လက်ရှိဂိုးသွင်းအများဆုံး တိုက်စစ်မှူး မိုဟာမက်ဆာလာက လီဗာပူးအသင်းနဲ့ တစ်ပတ်လုပ်ခပေါင် ငါးသိန်းနဲ့ စာချုပ်သစ်ချုပ်ဖို့ ဆန္ဒရှိနေ

**ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ လက်ရှိ ဂိုးသွင်းအများဆုံး တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ မိုဟာမက်ဆာလာဟာ လီဗာပူးအသင်းနဲ့အတူ တစ်ပတ်လုပ်ခလစာပေါင်ငါးသိန်းနဲ့ စာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။**



တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ အန်ဖီးလ်မှာသာ ကစားသမားဘဝ ကုန်ဆုံးချင်တယ်လို့ ပြီးခဲ့တဲ့တစ်ပတ်ကတည်းက ပြောကြားခဲ့တာကြောင့် မိုဟာမက်ဆာလာရဲ့ စာချုပ်သစ်ကိစ္စဟာ လီဗာပူးအသင်းပိုင်ရှင်တွေအတွက် ဖိအားတစ်ရပ်လည်း ဖြစ်လာခဲ့တယ်လို့ သိရပါတယ်။

အသက် ၂၉ နှစ်အရွယ် တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ မန်ယူအသင်းနဲ့ လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၉)မှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့တာကြောင့် လီဗာပူးအသင်းနဲ့အတူ ၁၀ ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်လာခဲ့ပါတယ်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✳**


**ယနေ့ ဖတ်စရာ**

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၉၁၄၅ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၂၄ ဦး တွေ့ရှိ** စာ » ၁၁

**အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်နှစ်အတွင်း သဘာဝဘေးကြောင့် အမေရိကန်ဒေါ်လာ ၈၇ ဘီလီယံ ဆုံးရှုံးခဲ့** စာ » ၁၂

**လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်** စာ » ၁၄

**ယဉ်ကျေးလိမ္မာ စာပဒေသာ** စာ » ၁၈၊ ၁၉